The Arakan International

# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၇)
ဂျူလိုင်လ
၂၀၁၁ ခုနှစ်။

# ထောင်စုသစ် ရာစုသစ် ဆယ်စုနှစ်သစ်မှာ ကမ္ဘာ့နိုင်ငံသစ်



အေနီအေရက်ရေအကျွန်ရို့၏ဦး
နှောက်နန့်နှလုံးသားမှာထာဝရ
ကမ္ပည်းမှတ်တမ်းတင်ထားကတ်
ရဖို့နီရက်ဖြစ်ပါရေ ...... (စာ ၁၂)



ရိုးသားပွင့်လင်းရေပြည်သူ့ကျွန်တ
ယောက်အဖြစ်ပြည်သူကိုအလုပ်အ
ကျွေးပြုဖို့သင်ရို့တိ၏ပြဒိမှောက်မှာ
ရပ်နီန်စွာဖြစ်ပါရေ။သင်ရို့အားလုံး
၏မညောင်းမရိတမ်း ...... (စာ ၁၆)



အဝိုင်းနုံကောင်–မင်းနားနီန်နီန်၊ပျုံ
လားလားငါ့အတွက်တခုလည်းမထူး၊
မင်းငါ့ဂြိုဟ်ထက်မှာရောက်နီန်စွာကိုငါ
သိတောင်မသိ ...... (စာ ၈)





၂၀၁၁ခုနှစ်ဂျန်နဝါရီမှာပြုလုပ်ခရေပြည်သူ့ဆန္ဒခံယူပွဲမှာမြောက်ပိုင်းဆူဒန်၏အင်အားသုံးအုပ်ချုပ်မှုအောက်ကလွတ်လပ်စွာခွဲထွက်ပနာသီးခြားနိုင်ငံအဖြစ်ထူထောင်လိုကြောင်းပြည်သားပြည်သူအားလုံး၏(၉၉)ရာနှုန်းကျော်ကမဲပီးခရေအတည်ပြုရလဒ်ကြောင့်ဂျူလိုင်လ ၉ ရက်နိကအာဖရိကတိုက်၏၅၄နိုင်ငံမြောက်အဖြစ်နိုင်ငံသစ်တခုပေါ်ပေါက်လာပါရေ။ ၁၉၉၃ခုနှစ်မှာအီရီတရီးယားအနိန်နန့်အီသီယိုးပီးယားဘားကခွဲထွက်ပြီးနောက်ပိုင်းပထမဦးဆုံးမွီးဖွါးလာရေမိခင်အာဖရိက၏သားပေါက်စ ချေပါ။နိုင်ငံ၏တရားဝင်နာမည်က တောင်ဆူဒန်သမ္မတနိုင်ငံ ( Republic of South Sudan ) ဖြစ်ပါရေ။

စာမျက်နှာ ၁၂ သို့

# အယ်ဒီတာ့စကား

ကမ္ဘာကြီးကိုရွာချေတရွာအဖြစ်သတ်မှတ်ပြီးကေနိုင်ငံတခုချင်းစီရေအိမ်ထောင်စုချေတိလို့ဆိုကေဒေ၂၀၁၁၊ဂျူလိုင်လ(၉)ရက်နိကအကျွန်ရို့ရွာမှာအိမ်ထောင်စုအသစ်တခုတိုးပါလတ်ပါရေ။ယင်းအိမ်ထောင်စုသစ်နာမည်ကတော့ကေ"တောင်ဆူဒန်"(South Sudan)ဖြစ်ပါရေ။တောင်ဆူဒန်ရေကမ္ဘာ့၏၁၉၆ ခုမြောက်(ထိုင်ဝမ်အပါအဝင်)နိုင်ငံဖြစ်ပါရေ။မိခင်အာဖရိကတိုက်အတွက်တော့ကတော့ကေ(၅၄)ခုမြောက်တိုင်းပြည်ပါ။

အကျွန်ရို့ကမ္ဘာကြီးမှာလူမျိုးပေါင်းစုံ၊နိုင်ငံပေါင်းစုံ၊ယုံကြည်မှုပေါင်းစုံ၊ယဥ်ကျေးမှုပေါင်းစုံအစဟိသည်ဖြင့်ရောလူးယှက်တင်နိန်ထိုင်နိန်ကတ်စွာမှာတချို့လည်းအားလုံးပေါင်းဗျာယ်၊စီးဗျာယ်အဂေါင့်လည်းဂေါင့်ဒိုးတူဘောင်ဖက်ရပ်တည်နိန်ထိုင်နီကတ်ပါရေ။တချို့လည်းဖိနှိပ်ချုပ်ချယ်မှုတိ၊စံနစ်တကျသပ်လျှိုခွဲမှုတိ၊ချိုးနှိမ်မှုတိ၊ဖြိုခွင်းသတ်ဖြတ်မှုတိအောက်မှာအလူးအလဲခံပနာဖြစ်တေပိုင်ရပ်တည်နိန်ကတ်ရပါရေ။ယင်းသျှောင်၊ယင်းသျှောင်သောဒဏ်ရာဒဏ်ချက်တိကိုအလူးအလဲခံယက်ပင်းတခုပိုင်လည်းမတတ်နိုင်ရေခါထလို့တိုက်ဗျာယ်သီးခြားနိုင်ငံထူထောင်ဖို့၊ကိုယ့်စွာနန့်ကိုယ်ရပ်တည်ဖို့ကြိုးစားလာကတ်ပါရေ။အေဂုတောင်ဆူဒန်ရေယင်းပိုင်ကြိုးပမ်း၊အားထုတ်၊ပီးဆပ်ပနာကိုယ့်တိုင်းပြည်နန့်ကိုယ့်လူမျိုးသီးခြားဖြစ်တည်လာမှုတိထဲကတခုပါ။ယင်းအလံကိုထူဖို့အတွက်တောင်ဆူဒန်သားရို့နှစ်ပေါင်း၅၀ကျော်အချိန်ယူခကတ်ရပါရေ။လွတ်လပ်ရေးတိုက်ပွဲကာလတလျှောက်မှာပြည်သူ၂သန်းကျော်သီကြီလားပါရေ။နောက်ထပ်လူပေါင်း၂သန်းကျော်ကမြောက်ပိုင်းနယ်မြီတိထဲကိုလားရောက်နိန်ထိုင်ဖို့ကိုယ့်နယ်မြီထဲကနိန်အတင်းအဓမ္မမောင်းထုတ်ခံကတ်ရပါရေ။ယင်းပိုင်မျိုးကြီးမားနက်သျှိုင်းရေပီးဆပ်မှုတိ၊နစ်နာမှုတိ၏အသီးအပွင့်အဖြစ်တောင်ဆူဒန်သားရို့ရေအေဂုတော့ကေဆားနန့်ပင်စားရ၊ရီနန့်ပင်စားရကိုယ့်တိုင်းပြည်နန့်ကိုယ်လွတ်လပ်မှု၏အရသာကိုအပြည့်အဝခံစားနိုင်ကတ်ဗျာယ်ဖြစ်ပါရေ။

ကမ္ဘာ့ရွာထဲမှာတောင်ဆူဒန်မကြာခင်ကဖြစ်တည်လာကတ်တေအခြားအိမ်ထောင်စုအသစ်ချေတိကတော့ကေ၂၀၀၈ခုနှစ်၊ဖေဖျူဝါရီမှာဆာဗီးယားထဲကခွဲထွက်လာရေကိုဆိုဗို၊၂၀၀၆ခုနှစ်အတွင်းကနောက်ထပ်ခွဲထွက်ခရေမွန်တီနီဂရို၊၂၀၀၂ခုနှစ်မှာအိန်ဒိုနီးသျှားကခွဲထွက်လာရေအရှိတီမောရို့ဖြစ်ကတ်ပီး ကော၁၉၉၀ကနိန်၂၀၁၁ခုနှစ်တာကာလအတွင်းမှာကမ္ဘာကြီးမှာနိုင်ငံသစ်ပေါင်း၂၉နိုင်ငံဖြစ်ပေါ်လာရေလို့ဆိုပါရေ။ယင်းရို့ထဲမှာဆိုဗီယက်ပြည်ထောင်စုဟောင်းတခုတည်းထဲကခွဲထွက်လားရေနိုင်ငံပေါင်း၁၄နိုင်ငံဖြစ်ပါရေ လှတ်။

ယေနန့်စကားဖြတ်လို့–ဂျူလိုင်လထဲမှာကမ္ဘာ့ဘောလုံးလောက၏ဖလားကြီးနှစ်ခု၏ပွဲစဥ်တိကိုကျင်းပလားကတ်ပါရေ။အာဂျိန်ထီးနားမှာလုပ်တေ၂၀၁၁ခုနှစ်၊တောင်အမေရိကဖလားကို၂၀၁၀ကမ္ဘာ့ဖလားမှာစတုတ္ထနိန်ရာကိုချိတ်တေယူရူဂွေ(ဥရုဂွေး)အသင်းက၁၅ကြိမ်မြောက်အဖြစ်ရလားပါရေ။ဂျာမဏီမှာလုပ်တေကမ္ဘာ့အမျိုးသမီးဘောလုံးပြိုင်ပွဲမှာတော့ကေအာသျှကဂျပန်အမျိုးသမီးအသင်းရေနာမည်ကြီးအမေရီကန်အမျိုးသမီးဘောလုံးအသင်းကိုဖယ်နယ်တီကျောက်ပနာအနိုင်ရလားစွာမှာယင်းချင့်ရေအာသျှအသင်းတသင်းအနိန်နန့်ကမ္ဘာ့ဖလားကိုပထမဦးဆုံးရယူနိုင်ရေသမိုင်းကိုဂျပန်သမီးပျိုရို့ပြုလားကတ်စွာဖြစ်ပါရေ။

ယင်းသျှောင်၊ယင်းသျှောင်မျိုးအခြားလူမျိုး၊နိုင်ငံတိအနိန်နန့်ကမ္ဘာ့လူမှုအသိုင်းအဝန်း၏အစိတ်အပိုင်းတရပ်အဖြစ်ပါဝင်ဆင်နွဲနိန်ကတ်စွာတိ၊အနိုင်ရယူနိန်ကတ်စွာတိကိုကြည့်နိန်ယက်ပင်း(၁၉၉၅ခုနှစ်ကလို့ထင်ပါရေ–အတိအကျမမှတ်မိပါ)တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲမှာရခိုင်အသင်းရေသွင်းဂိုးတလုံးချေလည်းအသွင်းမခံရပဲနန့်ဖလားရယူလားစွာကိုလားလို့အတွက်ပေါ်မိပြန်ပါရေ။နောက်ဆုံးမှာတော့ကေရခိုင်အသင်းကမ္ဘာ့ဖလားခြီစစ်အောင်ရေလို့နှိလခေါင်ခေါင်၊နိခင်းကြောင်တောင်မှာအိမ်မက်မက်ပလိုက်မိပါယင့်။



ခင်မင်မှုဖြင့်

ဦးသိန်းမောင်

## ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

"ဦးနှောက်ကောင်းတခုနန့်
နှလုံးသားကောင်းတခုရေ
စွမ်းအင်ကြီးမားသော
ပေါင်းစည်းမှုကို
အမြဲတမ်းဖြစ်တည်စီပါရေ"

"ပညာရေးဆိုစွာကမ္ဘာကြီးကို
ပြုပြင်ပြောင်းလဲဖို့အတွက်
သင်အသုံးချနိုင်ရေ
စွမ်းအားအဟိဆုံး
လက်နက်တခုပါ"

"သတ္တိသျှင်ဆိုစွာရေ
မကြောက်တတ်တေ
လူတယောက်မဟုတ်ပါ၊
'အကြောက်တရား'အပေါ်
အောင်ပွဲခံ အနိုင်ရရေလူပါ"

**နယ်လ်ဆင်မန်ဒဲလား**

# ဂျူလိုင်လ (July)



ဂျူလိုင်၃၀၊လွတ်လပ်ရေးနေ့
(ဗနွာတူ)

ရောမဗိုလ်ချုပ်ကြီးမာ့ခ်အန်ထိုနီ(Mark Antony)မှဂျူးလီးယက်ဆီဇာ(Julius Caesar)ကိုဂုဏ်ပြုသည့်အနေနှင့်ဖြင့်မှည့်ခေါ်ခဲ့သည့်လနာမည်ဖြစ်ပါသည်။ဂျူလိုင်သည်ကမ္ဘာ့တောင်ဖက်ခြမ်းတွင်မိုးလတခုဖြစ်ပြီးကမ္ဘာ့မြောက်ဖက်ခြမ်းတွင်မူနွေရာသီကျောင်းပိတ်ရက်ရှည်လဖြစ်ပါသည်။ဂျူလိုင်သည်နှစ်တနှစ်၏သတ္တမမြောက်လဖြစ်ပြီးရက်ပေါင်း၃၁ရက်ဟိပါသည်။



ဂျူလိုင်၂၈၊လွတ်လပ်ရေးနေ့
(ပီရူး)

ကမ္ဘာ့သမိုင်း၌သမိုင်းဝင်စာတင်ခြင်းခံရသူများအနက်အောက်ဖော်ပြပါပုဂ္ဂိုလ်များကိုဂျူလိုင်လထဲတွင်ဖွါးမြင်ခကတ်ပါသည်–




ဂျူလိုင် ၁၊ ၁၆၄၆ – ဂေါ့ထ်ဖရိုင်းဒ်လိုင်ဘနီးဇ် (Gottfried Leibniz)ဂျာမန်သင်္ချာပညာသျှင်

ဂျူလိုင် ၄၊ ၁၈၀၇ – ဂီယူဆက်ပီဂယ်ရီဘာဒီ (Giuseppe Garibaldi)အီတာလျံစစ်ရေးနှင့်နိုင်ငံရေးဂေါင်းဆောင်


ဂျူလိုင် ၄၊ ၁၈၇၂ – ခယ်ဗိန်ခိုးလိဂျ် (Calvin Coolidge)၃၀ယောက်မြောက်အမေရိကန်သမ္မတ



ဂျူလိုင်၂၆၊လွတ်လပ်ရေးနေ့
(မော်လ်ဒိုက်ဗ်၊
လိုက်ဘေးရီးယား)

ဂျူလိုင် ၆၊ ၁၉၄၆ – ဂျော့ချ်ဒဗလျူဘုချ် (George W. Bush)၄၃ယောက်မြောက်အမေရိကန်သမ္မတ






ဂျူလိုင် ၇၊ ၁၈၈၇ – မာ့ခ်ချာဂါးလ် (Marc Chagall)ရာသျှန်းနွယ်ဖွါးပြင်သစ်–ဂျူးပန်းချီဆရာ

ဂျူလိုင် ၈၊ ၁၈၃၉ – ဂျွန်ဒီရော့ကတ်ဖဲလား (John D. Rockefeller)ဂျာမန်–အမေရိကန်စီးပွါးရေးလုပ်ငန်းသျှင်

ဂျူလိုင် ၉၊ ၁၈၁၉ – အဲလိစ်ဟောင်ဝီ (Elias Howe)အပ်ခြုပ်စက်တီထွင်သူအမေရိကန်ပညာသျှင်

ဂျူလိုင် ၁၁၊ ၁၇၆၇ – ဂျွင်ကွိန်စီအဒမ်စ် (John Quincy Adams)၆ယောက်မြောက်အမေရိကန်သမ္မတ



ဂျူလိုင်၂၀၊လွတ်လပ်ရေးနေ့
(ကိုလံဘီယာ)

ဂျူလိုင် ၁၁၊ ၁၈၉၉ – အီးဘီဝှိုက် (E.B. White)အမေရိကန်စာရွီးဆရာ




ဂျူလိုင် ၁၂၊ ၁၈၁၇ – ဟိန်နရီဒေးဗိသော်ရိုး (Henry David Thoreau)အမေရိကန်ကဗျာနှင့်စာရွီးဆရာ


ဂျူလိုင် ၁၂၊ ၁၈၄၉ – ဆာဝီလီယမ်အော်စလာ (Sir William Osler)ကနေဒီယန်ရူပဗေဒပညာသျှင်

ဂျူလိုင် ၁၂၊ ၁၈၅၄ – ဂျော့ချ်အိစ်ထ်မန်း (George Eastman)ဓါတ်ပုံဖလိန်တီထွင်သူအမေရိကန်ပညာသျှင်



ဂျူလိုင်၁၀၊လွတ်လပ်ရေးနေ့
(ဘဟားမားစ်)






ဂျူလိုင် ၁၄၊ ၁၉၁၃ – ဂျရယ်အာရ်ဖော့ဒ် (Gerald R. Ford)၃၈ယောက်မြောက်အမေရိကန်သမ္မတ


ဂျူလိုင် ၁၅၊ ၁၆၀၆ – ရမ်းဘရန့်ထ်ဗန်ရီဂျိန် (Rembrandt van Rijn)ဒတ်ချ်ပန်းချီဆရာ


ဂျူလိုင် ၁၈၊ ၁၉၁၈ – နယ်လ်ဆိန်မန်ဒဲလား (Nelson Mandela)ပထမဦးဆုံးတောင်အာဖရိကသမ္မတ

ဂျူလိုင် ၂၁၊ ၁၈၉၉ – အားနက်စ်ဟေးမိန်းဝေး (Ernest Hemingway)အမေရိကန်စာရွီးဆရာ



ဂျူလိုင်၉၊လွတ်လပ်ရေးနေ့
(အာဂျိန်ထီးနား)




ဂျူလိုင် ၂၄၊ ၁၇၈၃ – ဆိုင်မွန်ဘိုလီးဗာ (Simon Bolivar)ဗိန်နီဇွဲလားလွတ်လပ်ရေးဂေါင်းဆောင်

ဂျူလိုင် ၂၆၊ ၁၈၅၆ – ဂျော့ချ်ဘားနက်ရှော (George Bernard Shaw)အိုင်းရိရှ်စာရွီးဆရာ

ဂျူလိုင် ၂၇၊ ၁၈၂၄ – အလက်ဇန္ဒားဒူးမား (Alexander Dumas - fils) ပြင်သစ်စာရွီးဆရာ



ဂျူလိုင်၇၊လွတ်လပ်ရေးနေ့
(ဆိုလိုမွန်ကျွန်းစု)

ဂျူလိုင် ၂၈၊ ၁၈၆၆ – ဘားထရိစ်ပေါ်တာ (Beatrix Potter)အင်္ဂလိပ်ကဗျာနှင့်စာရွီးဆရာမ




ဂျူလိုင် ၂၉၊ ၁၈၈၃ – ဘနီတိုမူဆိုလီနီ (Benito Mussolini)ဒုတိယကမ္ဘာစစ်အတွင်းကာလအီတလီဂေါင်းဆောင်

ဂျူလိုင် ၃၀၊ ၁၈၁၈ – အမ်မီလီဘရွန်ထီ (Emily Bronte)အင်္ဂလိပ်စာရွီးဆရာမ

ဂျူလိုင် ၃၀၊ ၁၈၆၃ – ဟန်နရီဖော့ဒ် (Henry Ford)ပထမဦးဆုံးကားစက်ရုံတည်ထောင်သူ



ဂျူလိုင်၆၊လွတ်လပ်ရေးနေ့
(ကိုမိုရို)



ဂျူလိုင် ၅၊ လွတ်လပ်ရေးနေ့
(ဗိန်နီဇွဲလား)




ဂျူလိုင် ၄၊ လွတ်လပ်ရေးနေ့
(အမေရိကန်ပြည်ထောင်စု)



ဂျူလိုင် ၁၊ လွတ်လပ်ရေးနေ့
(ရဝမ်ဒါ၊ ဘူရွန်ဒီ)



## ဓညဝတီ(တတိယ)ခေတ် ရခိုင်မင်းမြတ်များ

(ဘီစီ ၅၈၀ မှ အေဒီ ၂၀၂ ထိ)

၁။ စန္ဒသူရိယမင်း

၂။ သူရိယာဓိပတိ

၃။ သူရိယာပတိပါတ်

၄။ သူရိယ ရူပ

၅။ သူရိစန္ဒာလ

၆။ သူရိယစက္က

၇။ သူရိယနထ

၈။ သူရိယဝံသ

၉။ သူရိယဗန္ဓ

၁၀။ သူရိယကလျာကာ

၁၁။ သူရိယမုခ

၁၂။ သူရိယတေဇ

၁၃။ သူရိယပုည

၁၄။ သူရိယ ကုလ

၁၅။ သူရိယပတာ

၁၆။ သူရိယစိတ္တရ

၁၇။ သူရယဇေဌ

၁၈။ သူရိယဝိမလ

၁၉။ သူရိယရေနု

၂၀။ သူရိယကံသ

၂၁။ သူရယသကျ

## ဂျူလိုင်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ၁၉၂၁တွင်စတင်ထူထောင်ခဲသည့်တရုတ်ကွန်မြူနိပါတီသည်အောဂုနှစ်တွင်နှစ်ပေါင်း၉၀ပြည့်မြောက်ပြီးနောက်ပါတီတွင်းခေါက်ဆွဲစားမှုများနှင့်အခြားများစွာသောပြဿနာများကြောင့်ပြည်သူလူထု၏ထောက်ခံမှုကျဆင်းမည်ဟုသတင်းများတွင်ဖေါ်ပြသည်။

၂– ပါတီစုံစံနစ်သည်တရုတ်ပြည်ကိုပဋိပက္ခတောထဲသို့ရောက်စီလိမ့်မည်ဖြစ်ကြောင်းတရုတ်အာဏာပိုင်များကဆိုသည်။

၃– အိန်ဒိုနီးသျှားနိုင်ငံဂျာကာတာမြို့တော်သည်မော်တော်ကားအလားအလာပိတ်ဆို့ကျပ်တည်းမှုနှင့်ပါက်သက်သည့်ပြဿနာများအတွက်တနှစ်လျှင်အမေရိကန်ဒေါ်လာ၃ဘီလီယံခန့်စီကုန်ကျနိန်ကြောင်းသုံးသပ်မှုတချို့ကဆိုသည်။

၃– ဗြိတိန်၏ဝမ်ဘယ်လ်ဒန်ထန်းနိစ်ပြိုင်ပွဲတွင်ဆာဗီးယားမှကမ္ဘာ့အဆင့်(၁)သတ်မှတ်ထားခြင်းခံရသူဒီဂျိုကိုဗိသည်စပိန်မှရာဖားနာဒါကို ၆–၄၊ ၆–၁၊ ၁–၆၊ ၆–၃ ဖြင့်အနိုင်ရဗိုလ်စွဲလားသည်။

၄– ဝါသျှိန်တန်ဒီစီဟိမြန်မာသံရုံးမှဒုတိယအကြီးဆုံးဖြစ်သူသံအမတ်ကြီးဦးကျော်ဝင်းသည်အမေရိကန်ပြည်ထောင်စုတွင်နိုင်ငံရေးခိုလှုံခွင့်တောင်းခံလိုက်သည်။

၅– ပြင်သစ်မှခရိစတိန်းလာဂါဒီသည်အပြည်ပြည်ဆိုင်ရာငွေကြီးရံပုံငွေအဖွဲ့၏ပထမဦးဆုံးသောအမျိုးသမီးအကြီးအကဲအဖြစ်စတင်တာဝန်ထမ်းဆောင်သည်။

၅– ဗိန်နီဇွဲလားနိုင်ငံ၏နှစ်၂၀၀ပြည့်လွတ်လပ်ရေးနိကိုအေနိတွင်ကျင်းပသည်။

၆– ကိုလံဘီယာနိုင်ငံမှစစ်သားဂဦးအားလက်နက်မဟိသူအများပြည်သူများအားသတ်ဖြတ်မှုဖြင့်နိုင်ငံတော်တရားရုံးမှထောင်ဒဏ်နှစ်၆၀စီအပြစ်ပီးလိုက်ပြီး၄င်းစစ်သားများမှာလက်ဝဲယိမ်းပြောက်ကျားများဖြစ်သည်ဟုဆိုသည်။

# အန်ကောဝပ်ကျောင်းတော်အားပြန်လည်ဖွင့်လှစ်



ကမ္ဘောဒီးယားနိုင်ငံတွင်ဆယ်စုနှစ်နှင့်ချီ၍ကြာမြင့်စွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများပြုလုပ်နိန်မှုပြီးစီးလားသဖြင့်ရှိဟောင်းအန်ကောဖုရားကျောင်းတော်ကိုအောဂုအခါပြန်လည်ဖွင့်လှစ်လိုက်ဗျာယ်ဖြစ်သည်။မူလဘူတကမ္ဘာ့အုံ့ဖွယ်ခုနစ်သွယ်ထဲတွင်တခုအပါအဝင်ဖြစ်သည့်ကမ္ဘောဒီးယားနိုင်ငံမှအန်ကောဝပ်ကျောင်းတော်ကြီးကိုဆယ်စုနှစ်နှင့်ချီသည့်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးလား ဗျာယ်ဖြစ်ရာအောဂုအခါအများပြည်သူများလာရောက်ဖူးမျှော်နိူင်ရန်ပြန်လည်ဖွင့်လှစ်လိုက်ဗျာယ်ဖြစ်ပါသည်။၁၉၆၀ခုနှစ်တွင်စတင်ခဲသည့်ယင်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်သည်၁၉၇၀ကျော်ခုနှစ်များတွင်ခမာနီခွန်မြူနိများ၏တိုက်ခိုက်သိမ်းပိုက်ခြင်းကိုခံရပြီးနောက်လုံးဝရပ်တန့်လားပြီး၁၉၉၅ခုနှစ်တွင်ပြန်လည်စတင်ခခြင်းဖြစ်ပါသည်။အမေရိကန်ဒေါ်လာ၁၄သန်းအကုန်အကျခံပြန်လည်တည်ဆောက်သည့်ယင်းလုပ်ငန်းစဉ်ကြီးကိုဦးဆောင်သူတယောက်ဖြစ်သည့်ပယ်စကယ်ရိုယေးရီဆိုသူက“ကျောင်းတော်တည်ဆောက်ရေးလုပ်ငန်းကိုစလို့လုပ်တေခါအကျွန်ရို့ရေအစိတ်အပိုင်းပေါင်းသုံးသိန်း(၃၀၀၀၀၀)လောက်ကွဲပြားနိန်ရေအစိတ်အပိုင်းချေတိကို မူလရုပ်ပုံလွှာကိုမမြင်ရဘဲနန့်ဆက်စပ်ကဇါပ်ရရေအရုပ်ဆက်ကဇါပ်နည်း(Puzzle)ကိုကဇါပ်ကတ်ရရေသျှောင်ပါ”ဟုမှတ်ချက်စကားဆိုပါသည်။ဘဇာကြောင့်ဆိုသော်၁၁ရာစုတွင်တည်ဆောက်ခသည့်ယင်းကျောင်းတော်မှပြိုကျနိန်သောသောင်းနှင့်ချီသည့်အစိတ်အကွက်များနေရာအနှံ့ပြန့်နိန်မှုများကိုသူ့နေရာနှင့်သူပြန်တပ်၊ပြန်ဆက်မှုများလုပ်ယူရသောကြောင့်ဖြစ်ပါသည်။ကျောင်းတော်ပြန်လည်ဖွင့်လှစ်သည့်အခမ်းအနားသို့ကမ္ဘောဒီးယားဘုရင်သီဟာနုနှင့်ကျောင်းတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက်အဓိကကူညီပီးသူနိုင်ငံဖြစ်သည့်ပြင်သစ်မှဝန်ကြီးချုပ်ဖရန်ကွိုင်ရို့တက်ရောက်ကတ်သည်။ယင်းကျောင်းတော်တည်ဟိရာအန်ကောဒေသသည်အလယ်ခေတ်ခမာအိန်ပါယာအကြီးအကဲများ၏အခြီစိုက်ရာနယ်မြီဖြစ်ခပေသည်။ (*ဘီဘီစီ၊ ဂျူလိုင် ၃*)

## ဂျူလိုင်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၇– တိဘက်ဘာသာရေးဂေါင်းဆောင်ဒလိုင်းလားမား၏မွီးနိုပွဲအားဝါသျှိန်တန်ဒီစီ၌ပြည်သူများ၊လွှတ်တော်အမတ်များပါဝင်ကျင်းပမှုအပေါ်တရုတ်မှသတိပေးပြောဆိုလိုက်သည်။

၈– အီဂျိနိုင်ငံကိုင်ရိုမြို့တော်တွင်ထောင်ပေါင်းများစွာသောပြည်သူများသည်ကြားဖြတ်စစ်အစိုးရ၏နိုင်ငံပြုပြင်ပြောင်းလဲရေးအားလျှင်လျှင်မြန်မြန်ဆောင်ရွက်ရေးအတွက်ချီတက်ဆန္ဒပြကတ်ရာမူဘာရာ့ကျဆုံးအပြီးတွင်လူထုအများဆုံးဆန္ဒပြမှုဖြစ်သည်။

၉– တောင်ပိုင်းဆူဒန်နိုင်ငံသည်ကမ္ဘာ့နိုင်ငံသစ်တခုအဖြစ်အေနိုတွင်ဖြစ်ပေါ်လာသည်။

၁၀– တရုတ်မှလျူဇိန်းသည်၁၁၀မီတာတန်းခုန်တန်း၌အာသျှစံချိန်သစ်တင်လိုက်သည်ဟုဆိုသည်။

၁၁– တောင်ဆူဒန်နိုင်ငံ၏ငွေကြီးယူနိအဖြစ်ပေါင်ကိုသုံးစွဲလားမည်ဖြစ်ကြောင်းနှင့်၄င်းသုံးစွဲမှုကိုဩဂုတ်အပါတ်တွင်စတင်လားမည်ဟုဆိုသည်။

၁၂– ၂၀၁၁ခုနှစ်၏အမေရိကန်အိုးဖန်းအမျိုးသမီးဂေါက်ရိုက်ပြိုင်ပွဲ(US Women's Open) ဂေါက်ရိုက်ပြိုင်ပွဲတွင်တောင်ကိုးရီးယားမှရူစူးယွန် (Ryu So-yeon)သည်ပထမဆုဖလားကိုရယှိဗိုလ်စွဲလားသည်။

၁၃– တရုတ်အနုပညာသျှင်အိုင်းဝေဝေအားဂျာမဏီနိုင်ငံ၊ဘာလိန်တက္ကသိုလ်၏ဧည့်သည်ပါမောက္ခအဖြစ်လာရောက်ရန်ဖိတ်ကြားချက်ကိုလက်ခံလိုက်သည်ဟုဆိုသည်။

၁၃– ဆန္ဒပြပြည်သူများအားပစ်ခတ်မှုကြောင့်ပုလိပ်အရာဟိ၇၀၀ခန့်အားအီဂျိတွင်အလုပ်ဖြုတ်လိုက်သည်။

၁၄– ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်များသည်တောင်ဆူဒန်နိုင်ငံအားကမ္ဘာ့အဖွဲ့ဝင်နိုင်ငံသစ်အဖြစ်လက်ခံရန်တညီတညွတ်တည်းသဖေါတူကတ်သည်။

## ထိုင်းရို့၏ပထမဦးဆုံးသောအမျိုးသမီးဝန်ကြီးချုပ်



ဂျူလိုင်လဆန်းပိုင်းကပြုလုပ်သည့်ထိုင်းနိုင်ငံ၏အထွေထွေရွီးကောက်ပွဲတွင်ဖျူထိုင်း(“ထိုင်းများအတွက်”)ပါတီသည်အမတ်နိန်ရာ၅၀၀ဟိသည့်ထိုင်းပြည်သူ့လွှတ်တော်တွင်အမတ်နိန်ရာ၂၆၀ဖြင့်အနိုင်ရဟိပြီးလူများစုပါတီဖြစ်လာကာပါတီ၏လက်ဟိအကြီးအကဲတယောက်အဖြစ်တာဝန်ထမ်းဆောင်နိန်သူယိန်လာ့သျှိန်နာဝ့်ထ်သည်ထိုင်းနိုင်ငံ၏ပထမဦးဆုံးသောအမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာပါသည်။ရွီးကောက်ပွဲအနိုင်ရသူ၊ယိန်လာ့သျှိန်နာဝ့်ထ်မှ–သူမ၏ရွီးကောက်တင်မြှောက်ခံရမှုသည်သူမအတွက်သော်လည်းကောင်း၊ဖျူထိုင်းပါတီအတွက်သော်လည်းကောင်းအောင်ပွဲတရပ်ဟုမပြောလိုကြောင်း၊သို့သော်ပြည်သူများမှသူမနှင့်သူမ၏ပါတီအားတိုင်းပြည်အတွက်အလုပ်လုပ်ရန်တာဝန်ပီးအပ်ခြင်းသာဖြစ်ကြောင်း၊သူမအနိန်ဖြင့်အကောင်းဆုံးကြိုးစားဆောင်ရွက်လားမည်ဖြစ်ပါကြောင်းနှင့်များစွာသောလုပ်ငန်းတာဝန်ရပ်များကအသင့်စောင့်ကြိုနိန်ကြောင်းပါတီဗဟို၌နချုပ်တွင်ပြောဆိုလိုက်ပါသည်။ဒီမိုခရက်ထိခ်ပါတီ၏အကြီးအကဲ(တာဝန်လွှဲပီးလားမည့်လက်ဟိဝန်ကြီးချုပ်)အဘိဆိမှထိုင်းရုပ်မြင်သံကြား၌နများသို့ပြောကြားရာတွင်–သူသည်ပထမဦးဆုံးသောထိုင်းအမျိုးသမီးဝန်ကြီးချုပ်၏အစိုးရအဖွဲ့ဖွဲ့စည်းမှုကိုအပြုသဖေါဆောင်စွာမြင်တွိလိုပါကြောင်း၊နိုင်ငံ၏စည်းလုံးညီညွှတ်ရေးနှင့်အမျိုးသားရင်ကြားစိရေးရို့ကိုအကောင်အထည်ဖေါ်ဆောင်ရွက်နိုင်လိမ့်မည်ဟုမျှော်လင့်ပါကြောင်း၊ဒီမိုခရက်ထိပါတီအနိန်ဖြင့်မူအတိုက်အခံပါတီတရပ်အဖြစ်ရပ်တည်ဖို့အဆင်သင့်ဟိကြောင်းပြောဆိုလားပါသည်။အေဂုရွီးကောက်တင်မြှောက်ခြင်းခံရသည့်ယိန်လာ့သျှိန်နာဝ့်ထ်သည်၂၀၀၆ခုနှစ်အတွင်းစစ်ဖက်မှအာဏာဝင်သိမ်းစဉ်ပြည်ပသို့ထွက်ပြီးတိမ်းသျှောင်လားရသည့်ဝန်ကြီးချုပ်ထာ့က်ဆိန်သျှိန်နာဝ့်ထ်၏အထွီးဆုံးညီမငယ်ဖြစ်သည်။သျှိန်နဝ့်ထ်ညီအစ်ကို၊မောင်နှမ၉ယောက်အနက်အထွီးဆုံးလည်းဖြစ်ကာအမေရိကန်ပြည် ထောင်စု၊ကိန်တက်ကီပြည်နယ်တက္ကသိုလ်မှမာစတာဒီဂရီ(မဟာဝိဇ္ဇာ)ကိုရဟိထားသူလည်းဖြစ်သည်။၁၉၃၂ခုနှစ်၊ဒီမိုခရေစီစံနစ် စတင်အခြီတည်ပြီးသည့်နောက်ပိုင်းတွင်စစ်ဖက်မှအာဏာသိမ်းမှု၁၈ကြိမ်ဖြစ်ပွါးပြီးဖြစ်သော်လည်းထိုင်း၏ဒီမိုခရေစီ နှင့်လူ့အခွင့်အရေးလိုလားသည့်ယဉ်ကျေးမှုမှာရည်ရည်မွန်မွန်ရှင်သန်နိန်တုန်းပင်ဖြစ်ပါသည်။ (*ဘီဘီစီ၊ ဂျူလိုင် ၃*)



**ကွန်ပျူတာဆိုင်ရာ**

**အတိုကောက်ဝေါဟာရများ**

**BPM**—Business Process Management

**BSA**—Business Softward Alliance

**BTW**—by the way

**C2C**—consumer-to-consumer

**CA**—Certificate Authority

**CAD**—computer-aided design

**CAE**—computer-aided engineering

**CAI**—computer-aided instruction

**CAM**—computer-aided manufacturing

**CASE**—computer-aided software engineering

**CAT**—computerized adaptive testing

**CATV**—cable television

**CBT**—computer-based training

**CCD**—charge-coupled device

**CCE**—Certified Computer Examiner

**CCIE**—Cisco Certified Internetwork Expert

**CCNA**—Cisco Certified Network Associate

**CCNP**—Cisco Certified Network Professional

**ccTLD**—country code top-level domain

**CD**—compact disc

(Source: Discovering Computers 2008 / Shelly, Cashman, Vermaat)

***သိထားသင့်သော***

***အင်္ဂလိပ်ဘာသာအတိုကောက်များ***

***(အယင်လမှ အဆက်)***

**inc.** – incorporated; including

ပူးပေါင်းဆောင်ရွက်သည်၊ အပါအဝင်။

**intro** – introduction

နိဒါန်း။မိတ်ဆက်ဖေါ်ပြချက်။

**IOU** – I owe you

ငါမင်းကိုအားကျရေ။

ငါမင်းကိုအကြွေးတင်လားဗျာယ်။

**IQ** – Intelligence quotient

ဉာဏ်ရည်ပြကိန်း။ ဉာဏ်ရည်အဆင့်အတန်း။

**IRA** – individual retirement account

ပုဂ္ဂလိကအငြိမ်းစားဆိုင်ရာဘဏ်စုငွေစာရင်း

**I.R.A.** – Irish Republican Army

အိုင်ယာလန် ရီဖါဗလီကန် တပ်မတော်

**IRS** – International Revenue Service

အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးဝန်ဆောင်မှု

**Jr.** – Junior

ဂျူနီယာ။ လုပ်သက်နုနယ်သူ၊ အငယ်။

**Lab** – Laboratory

သိပ္ပံလက်တွေ့ဓါတ်ခွဲစမ်းသပ်ခန်း

**Lat.** – Latin

လက်တိန်ဘာသာ၊ လက်တိန်ဘာသာစကား။

***ဆက်လက်ဖေါ်ပြလားပါမည်။***

## ဂျူလိုင်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၅– လိဗျားမှသူပုန်များအားတိုင်းပြည်၏အာဏာပိုင်များအဖြစ်အမေရိကန်ပြည်ထောင်စုမှအသိအမှတ်ပြုကြောင်းနိုင်ငံခြားရေးဝန်ကြီးဟယ်လာရီကလိန်တန်မှပြောဆိုလိုက်သည်။

၁၆– မလေးသျှားတွင်ပြုလုပ်သည့်ချစ်ကြည်ရေးဘောလုံးပွဲတွင်လီဗာဖူးအသင်းသည်မလေးသျှားအမျိုးသားအသင်းအား ၆ ဂိုး–၃ဂိုး ဖြင့်အနိုင်ရသည်။

၁၇– ဗီယက်နမ်နိုင်ငံတွင်တရုတ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဆက်လက်ပြုလုပ်ကတ်သဖြင့်ပုလိပ်မှလူစုခွဲလိုက်ရသည်။

၁၈– ကမ္ဘာ့ရွှီစျီးကွက်တွင်ရွှီစျီးသည်တအောင်စလျှင်အမေရိကန်ဒေါ်လာ၁၆၀၀သို့ခုန်တက်လားသည်။

၁၉– အိန္ဒိယနိုင်ငံတောင်ပိုင်းတွင်ကမ္ဘာ့အကြီးဆုံးယူရေနီယမ်သိုက်တခုကိုဟြာဖွိတွိဟိထားကြောင်းနိုင်ငံအစိုးရမှသတင်းထုတ်ပြန်သည်။

၂၀– ဟောင်ကောင်အခြေစိုက်ဒီမိုခရေစီလိုလားသူတရုတ်ရှိနီတဦးကတရုတ်ပြည်မ၏အပြောင်းအလဲသည်သူ၏ဂေါင်းဆောင်ပိုင်းထက်ပြည်သူလူထုထံမှစတင်ပေါ်ပေါက်လာလိမ့်မည်ဖြစ်ကြောင်းဖြင့်သုံးသပ်ပြောကြားလိုက်သည်။

၂၁– ဂရိနိုင်ငံ၏ကြွေးမြီပြဿနာကိုဖြေသျှင်းရန်အတွက်ယူရို၁၀၉ဘီလီယံ(အမေရိကန်ဒေါ်လာ၁၅၅ဘီလီယံ)ကိုထုတ်ပီးလားရန်ဉရောပသမဂ္ဂဂေါင်းဆောင်များသဖေါတူညီကတ်သည်။

၂၂– နယူးဇီလန်ဝန်ကြီးချုပ်John Keyအားအမေရိကန်သမ္မတအိုဘားမားမှအိမ်ဖြူတော်တွင်လှိုက်လှဲစွာကြိုဆိုပြီးကုန်သွယ်ရေးမှသည်အာဖဂန်နိစထန်အရေးအခင်းကိစ္စများအထိဆွေးနွေးဖြစ်ကတ်သည်ဟုဆိုသည်။

၂၃– ဗိန်နီဇွဲလားသည်ပီရူးကိုအနိုင်ရကာတောင်အမေရိကဖလား၏တတိယနိန်ရာကိုရဟိလားသည်။

၂၄–အီဂျိနိုင်ငံတွင်စစ်အစိုးရသစ္စာတော်ခံများနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလိုလားသူဒီမိုခရေစီတောင်းဆိုသူများထိပ်တိုက်တွိဆုံမှုများဖြစ်ပွါးနိန်သည်။

၂၅– ထိုင်ဝမ်တွင်တရုတ်ပြည်အတွက်စုံထောက်လုပ်သူဗိုလ်ချုပ်ကြီးတဦးအားထောင်တသက်ချမှတ်လိုက်သည်။

## တာဝန်ကျေပွန်သောအတ္တလန်တိစ်

(စီအန်အန်/ဘီဘီစီ ဂျူလိုင် ၆)



အမေရိကန်အာကာသလွန်းပျံယဉ်အတ္တလန်တိစ်ရေသူ၏၁၃ရက်ကြာနောက်ဆုံးခရီးစဉ်ကိုတာဝန်ထမ်းဆောင်အပြီး၊ဂျူလိုင်လ ၂၁ရက်နိ၊မိုးထ၅နာရီ၅၇မိနိမှာအာကာသယဉ်မှူး၄ယောက်နန့်အတူခယ်နေဒီဒုံးပျံပစ်စင်သို့တခုချေလည်း အခက်အခဲတစုံတရာမဟိပဲချောချောမောမောပြန်လည်ဆင်းသက်လာခဗျာယ်ဖြစ်ပါရေ။အတ္တလန်တိစ်(Atlantis OV-104)ရေအာကာသခရီးစဉ်တိကိုနှစ်ပေါင်း၃၀ကြာတာဝန်ထမ်းဆောင်နိန်ခစွာဖြစ်ပါရေ။အတ္တလန်တိစ်၏နောက်ဆုံးခရီးစဉ်အပြီးမှာအာကာသယဉ်များလွှတ်တင်ရေးအစီအစဉ်ညွှန်ကြားရေးမှူးမိုက်လိန်းဘာ့ချ်က“အေနိမိုးထလူကြီးတိနန့်အမျိုးသမီးကြီးအချို့မျက်ရည်ကျငိုကြွေးနိန်ကတ်စွာကိုတွိလိုက်ရပါရေ”လို့ဆိုပါရေ။လွန်းပျံယဉ်၏အရာဟိချုပ်တယောက်ဖြစ်သူခရိစ်ဖာဂူဆန်က “အတ္တလန်တိစ်လွန်းပျံယဉ်၏အစိတ်အပိုင်းတရပ်အဖြစ်ပါဝင်လှုပ်သျှား၊ဆောင်ရွက်နိန်ခရစွာကိုအကျွန်ရို့ဝမ်းမြောက်ဂုဏ်ယူရပါရေ၊အကျွန်ရို့၏ကမ္ဘာကြီးအပေါ်မှာအမြင်တိ၊အယူအဆတိကိုသော်လည်းကောင်း၊စကြာဝဠာအပေါ်အမြင်တိ၊အယူအဆတိကိုသော်လည်းကောင်းဒေလွန်းပျံယဉ်တိ၏ကူညီစွမ်းဆောင်မှုတိနန့်အတူပြောင်းလဲဖြစ်လားကတ်စွာပါ၊အမေရိကန်ရို့ကတော့ကေအာကာသစူးစမ်းရေးကိစ္စရပ်တိမှာလက်မလျှော့စတမ်း၊ခရီးဆက်မြဲဆက်လားကတ်ဖို့ဖြစ်ပါရေ”ဟုပြောဆိုလားပါယင့်။အတ္တလန်တီရေအာကာသခရီးစဉ်ပေါင်း၃၃ကြိမ်၊အကွာအဝီးခရီးမိုင်ပေါင်း၁၂၅သန်းကျော်ပျံသန်းခအပြီးမှာအာကာသစူးစမ်းရေးအချက်အလက်ပေါင်း၁၃၅သန်းကျော်ကိုစုဆောင်း၊လုပ်ဆောင်ပီးခရေလို့ဆိုပါရေ။လူသားနန့်အာကာသဆက်သွယ်ချက်ကိစ္စရပ်တိမှာသူ့တာဝန်ကိုသူကျေပွန်အောင်ထမ်းဆောင်လားသည့်အတ္တလန်တီကိုဂုဏ်ပြုလိုက်ပါယင့်။

## ဂျူလိုင်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၆– အာဖဂန်နစ်စထန်နိုင်ငံဆိုင်ရာအမေရိကန်သံအမတ်သစ်မှအာဖဂန်များအနိန်ဖြင့်မိမိနိုင်ငံအားမိမိရို့တာဝန်ယူရေးအတွက်ခြီလှမ်းသစ်များရှိသို့ပိုမိုတက်လှမ်းလားကတ်ရန်တိုက်တွန်းပြောဆိုလိုက်သည်။

၂၆– တပါတီတည်းအုပ်ချုပ်သည့်ဗီယက်နမ်နိုင်ငံ၏လွှတ်တော်မှလက်ဟိဝန်ကြီးချုပ်ငုယိန်တန်ဒေါင်အားနောက်သက်တမ်းတကြိမ်အတွက်ရွီးချယ်လိုက်ကတ်သည်။စီးပွါးရေးအကျပ်အတည်းဖြစ်ပွါးချိန်တွင်အင်အားအကောင်းဆုံးသောနိုင်ငံရေးသမားအဖြစ်အများမှအသိအမှတ်ပြုကတ်သည်ဟုဆိုသည်။

၂၇– အာသျှတိုက်၏လုံခြုံရေးတွင်ကမ္ဘာ့အကြီးဆုံးဒီမိုခရေစီနိုင်ငံဖြစ်သည့်အိန္ဒိယ၏အခန်းကဏ္ဍကိုမလွဲမသွေထည့်တွက်ကတ်ရမည်ဖြစ်ကြောင်းဖြင့်ဩစတြေးလျားကာကွယ်ရေးဝန်ကြီးမှပြောဆိုလိုက်သည်။

၂၇– တရုတ်နိုင်ငံတွင်လူ၃၉ယောက်သီဆုံးစီသည့်အမြန်မီးရထားတိမ်းမှောက်မှုသည်အချက်ပြမီးမှားယွင်းမှုကြောင့်ဖြစ်ကြောင်းဖြင့်ဆိုသည်။

၂၈– မိုးခေါင်ရီသျှားမှုကြောင့်အစားအစာပြတ်လပ်မှုဖြစ်ပွါးနိန်သည့်ဆိုမာလီယာနိုင်ငံသို့ကမ္ဘာ့စားနပ်ရိက္ခာအထောက်အကူများစတင်ရောက်ဟိသည်။

၂၉– တူရကီနိုင်ငံ၏ကာကွယ်ရေးဦးစီးချုပ်သည်ရာထူးမှနှုတ်ထွက်လားသည်။

၂၉– မြောက်ကိုးရီးယား၏အနုမြူလက်နက်ထုတ်လုပ်ရန်ကြိုးပမ်းမှုကိုလုံးဝစွန့်လွှတ်လိုက်ရန်အမေရိကန်ပြည်ထောင်စုကဖိအားပီးတောင်းဆိုလိုက်သည်။

၃၀– ခယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းအာနိုးချာဇွန်နေဂါပြတိုက်အားသူ၏ဇာတိဖြစ်သည့်ဩစတြီးယားနိုင်ငံထာလ်(Thal)တွင်ဖွင့်လှစ်လိုက်သည်။

၃၁– တရုတ်ပြည်မှဆင်းယန်သည်သျှန်ဟိုင်းတွင်ပြုလုပ်နိန်သည့်ကမ္ဘာ့ရီကူးပြိုင်ပွဲမီတာ၁၅၀၀တွင်ကမ္ဘာ့စံချိန်ကိုချိုးလိုက်သည်ဟုဆိုသည်။

၃၁– ဆီးရီးယားနိုင်ငံဟားမားမြို့တွင်ဆန္ဒပြသမား၁၀၀ကျော်ကိုစစ်တပ်မှပစ်သတ်လိုက်ကြောင်းသတင်းများတွင်ဖော်ပြသည်။

## နိန်ထိုင်စရိတ်မြင့်သောကမ္ဘာ့မြို့ကြီးများ



အသစ်ပြုလုပ်လိုက်သောစစ်တမ်းများအရကမ္ဘာတွင်နိန်ထိုင်စရိတ်အမြင့်မားဆုံးမြို့တော်များထဲတွင်ဩစတြေးလျှနှင့်ဥရောပမှမြို့ကြီးများပိုမိုပါဝင်လာသည်ဟုဆိုသည်။ဩစတြေးလျှမှဆီဒနီ(Sydney)နှင့်မဲလဘုန်း(Melbourne)မြို့များသည်ကမ္ဘာ့နိန်ထိုင်စရိတ်အမြင့်ဆုံးမြို့များစာရင်းတွင်နံပါတ်(၆)နှင့်(၇)တွင်လည်းကောင်း၊ဖဲ့ရ်သ်(Perth)နှင့်ဘရိစ်ဘိန်း(Brisbane)မြို့များသည်နံပါတ်(၁၃)နှင့်(၁၄)နေရာများတွင်လည်းကောင်းအသီးသီးစွဲကတ်သည်။ပြီးခသည့်(၁၀)နှစ်ကပြုလုပ်သည့်စစ်တမ်းအရဆီဒနီနှင့်မဲလဘုန်းမြို့များမှာကမ္ဘာ့စျီးအကြီးဆုံးနိန်ထိုင်စရိတ်စာရင်း၌နံပါတ်(၇၁)နှင့်(၈၀)များတွင်ဖော်ပြခြင်းခံခကတ်ရသည်။လက်ဟိကမ္ဘာ့နိန်ထိုင်စရိတ်အမြင့်ဆုံးမြို့တော်မှာဂျပန်နိုင်ငံမှထိုကျို(Tokyo)မြို့ဖြစ်ပြီးစျီးအကြီးဆုံးစာရင်း၏ထိပ်ဆုံး(၁၀)မြို့ထဲတွင်ဥရောပမှအော်စလို(နော်ဝေ)၊ပါရီ(ပြင်သစ်)၊ဂျီနီဗာ(ဆွိဇာလန်)၊ဇူးရိချ်(ဆွိဇာလန်)နှင့်ဖရန့်ဖော့ထ်(ဂျာမဏီ)မြို့များအပါအဝင်ဖြစ်သည်။

ကမ္ဘာ့နိန်ထိုင်စရိတ်စျီးအတန်ဆုံးမြို့ကြီးဆယ်မြို့ထဲတွင်တောင်အာသျှမှမြို့ကြီးများအများအပြားပါဝင်ပြီးယင်းရို့အထဲတွင်အိန္ဒိယမှနယူးဒေလီ(New Delhi)၊မုန်ဘိုင်(Mumbai)မြို့များနှင့်ပါကိစ္စတန်ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိ(Karachi)သည်လည်းအပါအဝင်ဖြစ်သည်။ (*ဘန်ကောက်ပို့စ် / ဂျူလိုင် ၇*)



"သုံးလူ့ဘောင်၊နိုင်းတုလွတ်ဓမ္မသခင်ကျိန်းတော်ရှင်သည်သျှင်ပင်စေတီမြတ်ကို"

"ဆင်ရာဇာမှာ၊အသာခူးနှုတ်နှာဖြင့်မှုတ်လို့"

"နှပ်ချီးခြူလို့၊လူမဖြစ်ခင်အညစ်အကြေး အတန်တန်ကို၊ခံကာမွေးလည်း ကျေးဇူးတရစ်"

"အာကာမှာဘုံနှင့်ပြဿဒ်ရက်ကန်းစင်မှာနွယ်နှင့်နတ်"

"သဖေါမဖြောင့်၊သီဟာခွင်မှာဝင်ကာနှောက်လို့၊မှောက်ထောင့်ဖီလာ"

"အရာရာကို၊ဉာဏ်ဖြင့်နှိုင်းချိန်သုခမိန်"

"နှိုင်းခိုင်းယူဂန္ဓဗ္ဗစိတ္တရကေလာကုသိနာဟု၊ပမာမယွင်းခွတည်း"

"နှစ်ဦးနှစ်ပါး၊သနားချစ်ခင်ကျွမ်းဝင်မေတ္တာ၊ပီတိဖြာလျှက်"

"နှစ်ဦးအစ၊တန်းခူးလ၏ပြိဿရာသီ၊ပုဏ္ဏမီဝယ်"

# အိစုတ်ပုံပြင်များ(မိတ်ဆက်)






"စိတ်ရှည်သီးခံမှု၊သတ္တိနန့်
ဖွဲလုံ့လမှာအခက်အခဲတိ၊
အတားအဆီးတိကိုလီထဲသို့
ပျောက်ပျက်လားအောင်လုပ်
နိူင်စွမ်းရေအဆောင်အယောင်
လက်ဖွဲ့တမျိုးဟိပါရေ"

"လွတ်လပ်မှုကိုထိမ်းသိမ်းဖို့
အတွက်အကျွန်ရို့မျိုးဆက်ရေ
အဖိုးအခဇာလောက်ထိပီးဆပ်
လီရဖို့လဲသင်ပြောလို့မရပါ၊
သို့သော်(လွတ်လပ်မှု၏တန်ဖိုး
ကို)အကျိုးဟိဟိ၊အဓိပ္ပါယ်ဟိ
ဟိအသုံးပြုဆောင်ရွက်လိမ့်မေ
လို့အကျွန်မျှော်လင့်ပါရေ"

"သင့်လုပ်ရပ်တိရေအခြားလူ
တိ၏စိတ်ဝင်စားမှုနန့်စွမ်းအင်
ကိုပီးနိူင်စွမ်းဟိရေလို့ဆိုကေ
ဆက်လုပ်ပါ၊ပိုလေ့လာပါ၊
ပိုကြိုးစားလုပ်ဆောင်ပါ၊
အခြားလူများများကို
စွမ်းအင်ပိုပီးပါ၊
သင်ရေဂေါင်းဆောင်ဗျာယ်"

"အလုပ်လုပ်ဖို့စွာရေ
အကျွန်ရို့တာဝန်ပါ၊
အကျိုးရလဒ်ကို ဖုရား
သခင်ဆုံးဖြတ်ပီးပါလိမ့်မေ"

"မကောင်းဆိုးဝါးတိကိုဖျက်ဆီး
ပစ်ဖို့အတွက်အမေရိကားရေ
နိုင်ငံပြင်ပသို့ခရီးနှင်နိန်စွာ
မဟုတ်ပါ"

**(ဂျွင်ကွိန်စီအဒမ်)**

## နံ့ကောင်ချေနန့်ကျွဲ

တရက်နီခါနံ့ကောင်ချေတကောင်ရေမြက်စားနိန်ရေကျွဲတကောင်၏ဂြိုမှာလားလားပနာနားနိန်ပြီးကေကျွဲကို"အိုအဆွိကျွဲအကျွန်အဆွိကျွဲဂြိုထက်မှာနားနိန်စွာကကောင်းလလီးကျကျောက်ခံစားရပါလားအကျွန်နားနိန်လို့တခုခုမအီမသာခံစားရကေချက်ချင်းပြောပါနှမ်း။အကျွန်ချက်ချင်းပျံထွက်လားပါမေ။အကျွန်အကိုကျွဲကိုဒုက္ခမပီးချင်ပါ"ဆိုပြီးကေပြောပါရေလှုတ်။

ယေခါကျွဲက"အပိုင်းနံ့ကောင်–မင်းနားနိန်နိန်၊ပျံလားလားငါ့အတွက်တခုလည်းမထူး၊မင်းငါ့ဂြိုထက်မှာရောက်နိန်စွာကိုငါသိတောင်မသိ"ဆိုပြီးကေပြန်ပြောလိုက်ပါရေလှုတ်။

***တချို့အခြေအနေမှာအကျွန်ရို့ရေအကျွန်ရို့ကိုယ့်ကိုကိုယ်ထင်ထားသလောက်လက်တွိမှာအရေးပါအရာရောက်မှုတခုလည်းမဟိဖြစ်ဖြစ်နိန်တတ်ပါရေလှုတ်။***

## ခဲဝါနန့်ဖျိုင်းဟောက်မ

တရက်နီခါခဲဝါတကောင်ညစာစားရေခါလိုင်ဖင်းမှာအရိုးမြက်ပနာအရိုးကိုပြန်ထုတ်လို့မရပဲဖြစ်နိန်ပါရေလှုတ်။ယေခါယင်းခဲဝါရေဖျိုင်းဟောက်မတကောင်ကိုအရိုးထုတ်ပီးဖို့အကူအညီတောင်းပါရေလှုတ်အရိုးလိုင်ဖင်းထဲကထွက်လားပြီးစွာနန့်ထိုက်ထိုက်တန်တန် ကျေးဇူးပြုမေ'လို့လည်းခဲဝါကပြောလိုက်ပါရေလှုတ်။

ဖျိုင်းဟောက်မလည်းသူ့နသွီးအရှည်ကြီးနန့်ခဲဝါပါးဇပ်ထဲကိုဂေါင်းသွင်းသွင်းပနာအရိုးကိုခဲယယဉ်းကိုက်ထုတ်ယူလိုက်ပါရေလှုတ်။

အရိုးထွက်လာပြီးရေခါဖျိုင်းဟောက်မက"ကိုင်းအကိုခဲဝါအရိုးထွက်လာပြီးကေအကျွန့်ကိုထိုက်ထိုက်တန်တန်ကျေးဇူးပြုမေလို့ဆိုရေမလား၊အေဂုအရိုးထွက်လားပြီးယာ၊အကျွန့်ကိုပီးဖိယေကေ"လို့ပြောပါရေလှုတ်။ယေခါခဲဝါက"ယော်၊ငါယလောက်ထိကြီးမားရေဆုလဒ်ပီးပလိုက်စွာကိုနင်မသိလိုက်မလားယေ၊ငါ့ပါးဇပ်ထဲမှာနင့်ဂေါင်းကိုအကြာကြီးသွင်းသွင်းပနာတခုလည်းဘေးအန္တရာယ်မဟိပဲပြန်ထုတ်ခွင့်ပီးလိုက်စွာလောက်ကြီးကျယ်ရေဆုလဒ် ဇာမှာဟိဖို့သိလဲယေ"ဆိုပြီးကေပြောလိုက်ပါရေလှုတ်။

***ကလိမ်ကကျစ်သမားတိဘားမှာ"ထိုက်တန်၊စစ်မှန်ရေတန်ဖိုး"ဆိုစွာတခါလည်းဟိလီဖို့မဟုတ်ပါ။***

## အဖိုးတန်ရတနာနန့်ကြက်ဖ

တရက်နီခါကြက်ဖတကောင်ရေအစာယက်စားနိန်ယက်ပင်းမာပြီးကေပြောင်ပြောင်ညီးနိန်ရေအတုံးတတုံးကိုယက်မိပါရေလှုတ်။ယင်းချင့်ရေအဖိုးတန်ရတနာတုံးကြီးဖြစ်နိန်ပါရေလှုတ်။

ယေခါကြက်ဖက"အိန်း၊ဒေရတနာရေငါ့အိမ်သျှင်အတွက်ဆိုကေကကောင်းတန်ဖိုးဟိဖို့စွာမလား၊ငါ့အတွက်ကားဒေချင့်ရေစားလို့လည်းမရ၊ပြောင်းစိချေတစိလောက်အလုပ်မဖြစ်"ဆိုဆိုပနာရတနာတုံးကိုခြီနန့်ကျောက်ဗျာယ်လှုည့်ထွက်လားပါရေလှုတ်။

***တချို့အခြေအနေတိမှာတယောက်အတွက်အသုံးကျလွန်းရေအရာတခုစွာရေအခြားတယောက်အတွက်တခုလည်းအသုံးမဝင်ရေအရာတိဖြစ်နိန်တတ်ပါရေလှုတ်။***





တောင်အမေရိကတိုက်ဖလား(၂၀၁၁)၏
ချန်ပီယံ ယူရုဂွေ (ဥရုဂွေး)အသင်း
အားလည်းကောင်း

ကမ္ဘာ့ဖလားအမျိုးသမီး(၂၀၁၁)၏
ချန်ပီယံ ဂျပန်အသင်း
အားလည်းကောင်း

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်မှလှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။

● ● ● ● ● ● ● ● ● ● ●

'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်' ဝယ်ယူအားပေးသူများ၊ကူညီဖြန့်ချီပေးသူများနှင့်
ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအား
အထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။


**Sources:** ***(အစေစောင်ပါသတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders

Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/


http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

## John Quincy Adams

### ဂျွင်ကွိန်စီအဒမ်

(ဖဋ္ဌယောက်မြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ ဂျူလိုင် ၁၁၊ ၁၇၆၇။

**ဘဝသက်တမ်း။** ။ ၁၇၆၇ –၁၈၄၈။

**မွီးရပ်။** ။ ဘရိန်းထရီး (လက်ဟိကွိန်စီ)၊ မက်ဆာချူးဆက်စ်ပြည်နယ်။

**အမိ။** ။ Abigail Smith Adams

**အဖ။** ။ John Adams (ဒုတိယမြောက်အမေရိကန်သမ္မတ)

**မယား။** ။ Louisa Catherine Johnson Adams

**သားသမီးများ။** ။ ဂျော့ချ်၊ဂျွင်၊ချားလ်စ်၊ လူးဝိစ်။

**ကောလိပ်/တက္ကသိုလ်။** ။ ဟားဗာ့ (Harvard)၊ လိုင်းဒန် (Leiden)

**အသက်မွီးအလုပ်အကိုင်။** ။ ဟြိုနီ။

**နိုင်ငံရေးလုပ်သက်။** ။ မက်ဆာချူးဆက်စ်လွှတ်တော်အမတ်၊အထက်လွှတ်တော်အမတ်၊ဂရိတ်ဗြိတိန်၊နယ်သာလန်၊ပေါ်တူဂယ်၊ပရပ်ဆျှားနှင့်ရာသျှားနိုင်ငံများဆိုင်ရာဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီး၊သမ္မတ၊အောက်လွှတ်တော်အမတ်။

**ပါတီ။** ။ ဖယ်ဒရယ်လိစ်၊ ဒီမိုခရက်ထိခ်–ရီဖါဗလီကန်။ (Federalist / Democractic-Republican)

**ဒေသခံပြည်နယ်။** ။ မက်ဆာချူးဆက်စ်။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ Henry Clay/ Andrew Jackson/ William H. Crawford?

**သမ္မတသက်တမ်း။** ။ Mar 4, 1825 မှ Mar 3, 1829 ထိ။

**ဒုတိယသမ္မတ။** ။ ဂျွင်စီကိုလုန်း (John C. Calhoun)။

# မြို့ပုံကြည့်ယက်ပင်းသတင်းဖတ်





အမေရိကန်ပြည်ထောင်စု၊မီသျှီဂန်ပြည်နယ်တွင်ဂျူလိုင်လ၁၂ ရက်နိကနှစ်ပတ်လည်တမဏ်းနိ(mud day)အထိမ်းအမှတ်ကို ကျင်းပကတ်ရာတွင်တမဏ်းတန်ချိန်၂၀၀(နှစ်ရာ)ခန့်နှင့်ရီဂါလံ ပေါင်း၂၀၀၀၀(နှစ်သောင်း)ကျော်ရှိ့ကိုရောဖျော်သုံးစွဲလားကတ် သည်ဟုဆိုသည်။ *(စီအန်အန်/ဂျူလိုင်၁၃)*




မက္ကဆီကိုနိုင်ငံမြောက်ပိုင်း(အမေရိကန်တောင်ပိုင်းနယ်စပ်)ဘာဂျာခယ်လီဖိုးနီးယားနယ်တွင်မြီကေ၃၀၀ခန့်ဟိသည့်ဆီးခြောက်ခင်းတခုကိုအာဏာပိုင်များမှဖမ်းဆီးရမိသည်။ယင်းဆီးခြောက်ခင်းသည်ကာလပေါက်ဈေးအရအမေရိကန်ဒေါ်လာသန်း ၁၆၀ ခန့်တန်ဖိုးဟိကြောင်းနှင့်ဖမ်းမိချိန်တွင်လုပ်သားပေါင်း ၆၀ ခန့် အလုပ်လုပ်လျှက်ဟိသည်ဟုဆိုသည်။မက္ကဆီကိုနိုင်ငံသည်ယင်း၏မူးယစ်ဆီးဝါးတိုက်ဖျက်မှုစစ်ဆင်ရေးကို၂၀၀၆ခုနှစ်မှစတင်၍ဆောင်ရွက်နိန်ခြင်းဖြစ်သည်။ *(ဘီဘီစီ/ဂျလိုင်၁၅)*




သက္ကရာဇ်၁၈၀၀ ကျော်အစောပိုင်းနှစ်များအတွင်းကရှီးသားခသည့်ဗြိတိန်စာရှီးဆရာမဂျိန်းအော်စထန်(Jane Austen)၏စာမူကြမ်းတခုကိုလီလံတင်ရောင်းချရာတွင်ဗြိတိန်မှဝယ်ယူသူများကအဆိုပါစာရှီးဆရာမ၏လက်ရှီးစာမူကြမ်းတခုကိုအမေရိကန်ဒေါ်လာ ၁.၆ သန်း (တသန်းခြောက်သိန်း) ကျော်ပီးဝယ်လားသည်ဟုဆိုသည်။ Jane Austen သည် Pride and Prejudice, Emma and Sense and Sensibility စာအုပ်များကိုရှီးသားခသူဖြစ်သည်။ *(ဘီဘီစီ/ဂျူလိုင်၁၅)*







မြန်မာ့ဒီမိုခရေစီဂေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်ဂျူလိုင်လ၁၉ရက်နိတွင်ကျရောက်ခသည့်အာဇာနည်နိအခမ်းအနားသို့တက်ရောက်ပြီးသူမ၏ဖခင်၊မြန်မာ့တပ်မတော်တည်ထောင်သူနှင့်မြန်မာနိုင်ငံ၏လွတ်လပ်ရေးဂေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏အုတ်ဂူသို့လားရောက်၍ဂါရဝပြုကြောင်းသတင်းများတွင်ဖေါ်ပြသည်။ဒေါ်အောင်ဆန်းစုကြည်အနိန်ဖြင့်သူမ၏ဖခင်အားအာဇာနည်ကုန်းမြီတွင်အေဂုကဲသို့လားရောက်ဂါရဝပြုခွင့်ရဟိခြင်းမှာ၂၀၀၂ခုနှစ်မှစ၍၉နှစ်အတွင်းပထမဦးဆုံးအကြိမ်ဖြစ်သည်ဟုဆိုသည်။ *(ဘန်ကောက်ပို့စ်၊ဂျူလိုင်၁၉)*








ဘော့စနီးယားနိုင်ငံ၊ဆာရာယေျဘိုမြို့တော်၏မာသျှယ်တီးတိုးလမ်းတွင်ပထမဦးဆုံးသောအမေရိကန်အစားအစာမက္ကဒေါ်နယ် (McDonald)ဆိုင်ကိုဖွင့်လှစ်လိုက်သည်။မက္ကဒေါ်နယ်အစားအစာဆိုင်အားဖွင့်လှစ်နိုင်ရန်အတွက်ဘော့စနီးယားအာဏာပိုင်များနှင့်ကုမ္ပဏီရို့အကြားပြောဆိုဆွေးနွေးမှုကို၄နှစ်ကြာခန့်ပြုလုပ်နိုန်ခရသည်ဟုဆိုသည်။ဆိုင်စတင်ဖွင့်လှစ်ချိန်၌ကမ္ဘာ့နာမည်ကြီးမက္ကဒေါ်နယ်ဟန်ဘာဂါစားသောက်ရန်အတွက်များစွာသောဘော့စနီးယန်းများတန်းစီစောင့်ဆိုင်းနိုန်ကတ်ပြီးမက္ကဒေါ်နယ်သည်အနောက်တိုင်း၏ပြယုဂ်တခုဖြစ်ရာကြိုးနီစံနစ်အောက်တွင်တင်းကျပ်၊ကျဉ်းမြောင်းစွာနိန်လာကတ်ရသည့်ဘောစနီးယန်းများအတွက်အထူးအဆန်းနှင့်အပေါင်းလက္ခဏာဆောင်သည့်အမှတ်အသားတခုဖြစ်ကြောင်းသုံးသပ်သူများကဆိုသည်။ *(ဘန်ကောက်ပို့စ်၊ဂျူလိုင်၃၁)*




ဂျာမန်ဘောလုံးတိုက်စစ်မှူးနှင့်အမျိုးသားဘောလုံးအသင်းနည်းပြဟောင်းဖြစ်သူဂျာဂိန်ကလိန်းစမန်းသည်အမေရိကန်ပြည်ထောင်စုအမျိုးသားဘောလုံးအသင်း၏၃၅ယောက်မြောက်နည်းပြအဖြစ်တာဝန်ထမ်းဆောင်လာမည်ဟုဆိုသည်။ဂျာဂိန်ကလိန်းစမန်းသည်ဂျာမန်တိုက်စစ်မှူးအဖြစ်ကဇါပ်စဉ်ကာလအတွင်းဂျာမန်အသင်းသည်၁၉၉၀ခုနှစ်တွင်ကမ္ဘာ့ဖလားကိုလည်းကောင်း၊၁၉၉၆ခုနှစ်တွင်ဥရောပဖလားကိုလည်းကောင်းအနိုင်ရခပြီး၂၀၀၆ခုနှစ်တွင်အသင်းနည်းပြအဖြစ်ဆောင်ရွက်စဉ်ကမ္ဘာ့ဖလား၏တတိယနိန်ရာကိုလည်းကောင်းအသီးသီးရဟိအောင်စွမ်းဆောင်နိုင်ခသူဖြစ်ပါသည်။အမေရိကန်အမျိုးသမီးနှင့်လက်ထပ်ထားသည့်ဂျာဂန်ကလိန်းစမန်း၏ကြီးကြပ်မှုအောက်တွင်အမေရိကန်အမျိုးသားဘောလုံးအသင်း၏အခြေအနေကိုစိတ်ဝင်တစားစောင့်ကြည့်လားကတ်ရဖို့ဖြစ်ကြောင်းပါ။ *(ဘီဘီစီ၊ချီကာဂိုထရီဗျူန်း၊ဂျူလိုင်၃၀)*




ဂျူလိုင်လလယ်ပိုင်းကတောင်ကိုးရီးယားနိုင်ငံတွင်အမျိုးသမီးငယ်ဒါဇင်ပေါင်းများစွာရို့သည်မလုံ့တလုံအဝတ်အစားများဝတ်ဆင်ကာချီတက်ဆန္ဒပြခကတ်သည်။အမျိုးသမီးများ၏မလုံ့တလုံအဝတ်အစားများနှင့်ချီတက်ဆန္ဒပြမှုများကိုSlutWalkဟုခေါ်ဝေါ်ကတ်ပါသည်။ခယ်နေဒါနိုင်ငံမှပုလိပ်အရာဟိတဦးကမုဒိန်းမှုကဲသို့သောပြစ်မှုများဖြစ်ပွါးခြင်းလျှော့နဲစီရန်မှာအမျိုးသမီးများအနိန်ဖြင့်မလုံ့တလုံဝတ်စားလားလာမှုများကိုဆင်ခြင်ကတ်ရန်လိုအပ်ကြောင်းပြောဆိုအပြီးတွင်အမျိုးသမီးထုရို့ကမလုံ့တလုံဝတ်ဆင်မှုသည်သူရို့၏လွတ်လပ်မှုနှင့်ရှီးချယ်မှုဖြစ်ကြောင်း၊ပူရိသများအားဆွဲဆောင်မှုတရပ်မဟုတ်ကြောင်း”ချေပပြောဆိုကာကမ္ဘာအနှံ့မြို့ကြီးများတွင်အမျိုးသမီးထုရို့ချီတက်ဆန္ဒပြကတ်ခြင်းဖြစ်သည်ဟုဆိုပါသည်။ (ဘန်ကောက်ပို့စ်/ဂျူလိုင်၁၇)

*(မျက်နှာဖုံးဆောင်းပါး "ကမ္ဘာ့နိုင်ငံသစ်" မှ)*


ဂျူလိုင်၉ရက်နိကတောင်ဆူဒန်၏မြို့တော်ဂျူးဘား(Juba)မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းအပါအဝင်ကမ္ဘာ့ နိုင်ငံအသီးသီးကခေါင်းဆောင်များစွာရေကမ္ဘာ့အသစ်စက်စက်နိုင်ငံသစ် မွေးနိပွဲသို့တက်ရောက်ခကတ်ပါရေ။ ယင်းမွေးနိပွဲကိုကျင်းပနိုင်ဖို့အတွက် တောင်ပိုင်းဆူဒန်သားတိရင်းနီးပီးဆပ်လိုက်ရရေအရင်းအနှီးတိက စိကေ၊ တဗွေချေတော့ကေမဟုတ်ပါ။အာဖရိကတိုက်၏သက်တမ်းအကြာဆုံး (နှစ်ပေါင်း၂၀ခန့်)ပြည်တွင်းစစ်ဖြစ်ပွါးပြီးနောက်ပိုင်း၂၀၀၅ခုနှစ်မှာချုပ်ဆိုခကတ်တေငြိမ်းချမ်းရေးစာချုပ်အရ(ဆူဒန်၏၂၆ပြည်နယ်အနက်) တောင်ပိုင်းပြည်နယ်၁၀ခုရေသီးခြားလွတ်လပ်သောနိုင်ငံအဖြစ်ထူထောင် လိုက်ကတ်စွာဖြစ်ပါရေ။အာရပ်မူဆလင်တိအင်အားနန့်ထိမ်းချုပ်ထားရေ ဆူဒန်မြောက်ပိုင်းနန့်(မိရိုးဖလာယုံကြည်မှုတချို့၊ခရိယံဘာသာဝင်တချို့ ဖြစ်ကတ်သည့်)ဆူဒန်တောင်ပိုင်းရို့ကြားကဆယ်စုနှစ်ပေါင်းများစွာတိုက် ခိုက်လာကတ်တေပြည်တွင်းစစ်အတွင်းမှာပြည်သားပြည်သူ၂သန်းကျော် သီဆုံးလားခကတ်ဗျာယ်ဖြစ်ပါရေ။စစ်ပွဲကာလအတွင်းတောင်ပိုင်းကအ ခြားပြည်သူ၂သန်းကျော်ကိုလည်းမြောက်ပိုင်းပြည်နယ်တိထဲကိုအတင်း အဓမ္မရွှေ့ပြောင်းနိန်ထိုင်စီခပါရေ။



*တောင်ဆူဒန်၏ နိုင်ငံသစ် တည်ထောင်သည့်အခမ်းအနားသို့ တက်ရောက်လါကတ်သည့်အ ပြည်ပြည်ဆိုင်ရာခေါင်းဆောင် များ*

(ဓာတ်ပုံ)

ဂျူလိုင်၉ရက်စနီနိကပြုလုပ်ခရေလွတ်လပ်ရေးနိအခမ်းအနားကို ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုအပြီးလအနည်းချေအကြာမှာဆုံးပါးလားခရေ တောင်ဆူဒန်၏နောက်ပိုင်းလွတ်လပ်ရေးခေါင်းဆောင်ဂျွန်ဂရန်း(John Garang)၏ဂူဗိမ္မာန်ကိုဂုဏ်ပြုယက်ပင်းကျင်းပကတ်စွာပါ။ယင်းနိမိုးထ၊တောင် ဆူဒန်၏အမျိုးသားသီခြင်းကိုထရန်းပက်တီးပိုင်းကတီးမှုတ်လိုက်ချိန်မှာ ဆူဒန်အလံကိုချလိုက်ပြီးကေတချိန်တည်းမှာပင်တောင်ဆူဒန်၏အလံတော် ကိုတဆတ်ဆတ်နန့်လွှင့်တင်ယူလိုက်ပါရေ။ယင်းအခိုက်အတန့်ကာလတိ ကိုကျော်လွန်အပြီးမှာယင်းနိမိုးထမှာပင်ပူပူနွေးနွေးကျမ်းသစ္စာကျိန်ဆိုထား ရေတောင်ဆူဒန်နိုင်ငံသစ်၏သမ္မတအသစ်စက်စက်ဆာလ်ဗာကားရ်(Salva Kirr)အနိန်နန့်ချထားရေဆူဒန်အလံကိုဆူဒန်(မြောက်ပိုင်း)နိုင်ငံသို့ပြန် လည်လွှဲပြောင်းမပီးပဲသူရို့တိရေနှစ်ပေါင်းများစွာအတူတကွနိန်ထိုင်လာ ရေအထိမ်းအမှတ်အဖြစ်၊တောင်ဆူဒန်၏သမိုင်းဝင်အမှတ်တရပစ္စည်းအ ဖြစ်နန့်သိမ်းဆည်းလားဖို့လို့ဆုံးဖြတ်ကြောင်းအခမ်းအနားမှူးကကြော် ငြာပြောဆိုလိုက်ပါရေ။ဆက်လက်ပြီးကေသမ္မတကားရ်က "အကျွန် ရို့၏သူရဲကောင်းတိရေကိုယ့်ကိုကိုယ်အသားလွတ်အထင်ကြီးပနာပီးဆပ် လားခကတ်စွာမဟုတ်ပါ၊အေနိအချိန်ကိုအကျွန်ရို့ရေနှစ်ပေါင်း၅၆နှစ်ကြာ အောင်စောင့်ခကတ်ရပါရေ၊အေနိအရေက်ရေအကျွန်ရို့၏ဦးနှောက်နန့် နှလုံးသားမှာထာဝရကမ္မည်း မှတ်တမ်းတင်ထားကတ်ရဖို့နိရက်ဖြစ်ပါရေ" လို့ပြောကြားလားပါရေ။



*တောင်ဆူဒန်၏ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို အများပြည်သူသို့ ကိုင်မြှင့်ပြသ နိန်သည့်သမ္မတ ကားရ်*


သမိုင်းကြောင်းအရဆူဒန်ဆိုစွာရေယင်းဒေသမှာဟိရေပဒေသ ရာဇ်နိုင်ငံအစုအစုချေတိကိုပေါင်းစပ်စည်းရုံးလိုက်တေနယ်မြေကြီးတခုပါ။ သက္ကရာဇ်၁၈၂၀ကျော်မှာအီဂျိကယင်းဒေသတလွှားကိုသိမ်းပိုက်ခပြီးကေ ဆူဒန်နိုင်ငံနယ်နိမိတ်ကြီးကိုအီဂျိကစတင်အတည်ပြုခစွာဖြစ်ပါရေ။ယင်း နောက်သက္ကရာဇ်၁၈၀၀ကျော်နှောင်းပိုင်းကာလမှာဆူဒန်သို့အင်္ဂလိပ်တပ် ဖွဲ့တိဝင်ရောက်လာကတ်ပြီးကေအင်္ဂလို–အီဂျိပူးတွဲအုပ်ချုပ်မှုအောက်မှာ ဟိနိန်ခစွာပါ။ယင်းကာလခါကပင်တောင်ပိုင်းနန့်မြောက်ပိုင်းဆူဒန်ဒေသခံ တိကြားမှာမတူကွဲပြားမှုတိ၊သီးခြားသဖေါ်ဆန်မှုတိအများကြီးဟိနိန်ခစွာ ဖြစ်ပါရေ။ယင်းပိုင်နန့်ယူနိုက်တက်ကိန်းဒမ်းနန့်အီဂျိရို့၏(၁၉၅၃)ပူးတွဲသ ဖေါ်တူညီမှုစာချုပ်အရ၁၉၅၆ခုနှစ်၊ဂျန်နဝါရီ၁ရက်နိမှာဆူဒန်နိုင်ငံလွတ်လပ် ရေးရပါရေ။လွတ်လပ်ရေးအကြိုကာလမှာဆူဒန်တောင်နန့်မြောက်ကြား မှာဖယ်ဒရယ်ပြည်ထောင်စုအဖြစ်နန့်မျှမျှတတပူးပေါင်းနိန်ထိုင်လားကတ် ဖို့ဆိုရေသဖေါ်တူညီချက်ဟိခကတ်ကေလည်းလွတ်လပ်ရေးရပြီးရေနောက် ပိုင်းမှာဆူဒန်မြောက်ပိုင်းကခေါင်းဆောင်တိရေလက်နက်အင်အား၊လူအင် အားတိကိုသုံးဗျာယ်ဆူဒန်တောင်ပိုင်းသားတိကိုအစွလမ်းနန့်အာရပ်ဩ ဇာခံဒေသတခုဖြစ်လာအောင်အတင်းအဓမ္မပုံသွင်းခြင်းကိုခံလိုက်ကတ်ရ ပါရေ။ယင်းပိုင်နန့်ပင်ဆူဒန်တောင်နန့်မြောက်ကြားမှာ၁၉၅၅ခုနှစ်လောက် ကပင်စပြီးကေတိုက်ပနာပါလတ်ကတ်စွာရေ၁၉၇၂ခုနှစ်(၁၇နှစ်ကြာတိုက်ပ လိုက်ကတ်အပြီး)မှာတောင်ပိုင်းဆူဒန်ကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ်ပီးအပ်ဖို့ဆိုရေသဖေါ်တူညီချက်နန့်အဒိစ်အဘာဘာ(Addis Ababa) ငြိမ်းချမ်းရေးစာချုပ်တခုကိုစတင်ချုပ်ဆိုနိုင်ခကတ်ပါရေ။

*စာမျက်နှာ ၁၄ သို့* →

*စာမျက်နှာ ၁၂ (မျက်နှာဖုံးဆောင်းပါး) မှ*

သို့သော်၁၉၈၃ခုနှစ်မှာမြောက်ပိုင်းဝေါင်းဆောင်တိကတောင်ပိုင်းအပေါ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်အသိအမှတ်ပြုမှုကိုရုပ်တန့်ပလိုက်စွာမှာဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(Sudan People's Liberation Army – SPLA) ကဦးဆောင်ပနာလွတ်မြောက်မှုတိုက်ပွဲကိုဆက်လက်ဆင်နွဲခကတ်ပါရေ။ယင်းပိုင်နန့်လူပေါင်း၂သန်းလောက်သီကတ်၊ကြိကတ်၊အိုးပျောက်အိမ်ပျောက်ဖြစ်ကတ်အပြီးအေနှစ် ၂၀၁၁ မှာအချုပ် အချာအာဏာပိုင်ရေလုံးဝလွတ်လပ်တေနိုင်ငံတနိုင်ငံဖြစ်ပါလတ်စွာပါ။

၁၉၅၆ခုနှစ်၊ဂျန်နဝါရီ၁ရက်နိမှာသဖေါတူညီခကတ်တေနယ်နိမိတ်မျဉ်းတလျှောက်ကိုအခြီတည်ဗျာယ်အေဂုနိုင်ငံသစ်ကိုအတည်ပြုဖြစ်တည်စီခစွာပါ။ရီနံသိုက်ကြွယ်ဝရေနယ်စပ်ကနိန်ရာကိုတောင်နန့်မြောက်နှစ်ဖက်လုံးကလိုချင်ဗျာယ်တိုက်ခိုက်ယူကတ်မှု၊တောင်ပိုင်းထဲမှာမျိုးနွယ်စုတိတခုနန့်တခုကြားမှာယဉ်ပြိုင်မှုတိဟိနိန်ကတ်ပါရေ။ပထဝီအနိန်အထားအရမြောက်ပိုင်းဆူဒန်၏နယ်မြီအများစုရေကန္တာရဆန်ပြီးကေတောင်ပိုင်းမြီအများစုကတော့ကေသစ်တောတိ၊မြက်ခင်းပြင်တိနန့်ဖုံးလွှမ်းနိန်ပါရေ။




*တောင်ဆူဒန်နိုင်ငံသစ်၏မြီပုံ*

*(တဖက်ပုံ)*

အာဖရိကနိုင်ငံသစ်တောင်ဆူဒန်၏ဖြစ်တည်မှုအချက်အလက်တိကိုသုံးသပ်ကြည့်ဖို့ဆိုကေအောက်ပါအတိုင်းတွိကတ်ရဖို့ဖြစ်ပါရေ။

**တရားဝင်အမည်။** ။ တောင်ဆူဒန်သမ္မတနိုင်ငံ။

**အကျယ်အဝန်း။** ။ ၂၃၉၂၈၅ စတုရန်းမိုင်(၆၁၉၇၄၅စတုရန်းခီလိုမီတာ)။

**လူဦးရေ။** ။ ၇သန်းခွဲနှင့်၁၀သန်းကြား။

**အဓိကဘာသာစကား။** ။ အင်္ဂလိပ်၊ အာရေဗျ(ဘာသာနှစ်မျိုးလုံးကိုတရားဝင်ရုံးသုံးအဖြစ်သတ်မှတ်ထားပါသည်)၊ ဂျူးဘားအာရေဗျ နှင့် ဒိန်းကာ။

**ကိုးကွယ်သည့်ဘာသာ။** ။ မိရိုးဖလာကိုးကွယ်ယုံကြည်မှု(လူများစု) နှင့် ခရိယံ (လူနည်းစု)။

**အဓိကပြည်ပပို့ကုန်။** ။ ရီနံ။

**ငွေကြေးယူနိ။** ။ (ဆူဒန်) ပေါင်။




*တောင်ဆူဒန်နိုင်ငံ၏ဖဲသာအသစ်*

*(ဆူဒန်) ၁ ပေါင်တန်ငွေစက္ကူ*

*(တဖက်ပုံ)*

တချိန်တည်းမှာပင်တောင်ဆူဒန်နိုင်ငံသစ်အနိန်နန့်ရင်ဆိုင်လားရဖို့စိန်ခေါ်မှုတိကလည်းအဆင်သင့်စောင့်ကြိုနိန်ပါယင့်။ယင်းအထဲကအဓိကစိန်ခေါ်မှုတိကိုအောက်မှာကြည့်ပါ။

- ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများထဲတွင်တခုအပါအဝင်ဖြစ်ခြင်း
- မွီးပြီးစအစိတ်ကေချေများသီဆုံးမှုမြင့်မားခြင်း
- ၁၃ နှစ်နှင့်အောက်လူငယ်အများစုကျောင်းမနိန်ဖူးခြင်း
- အမျိုးသမီးထု၏ ၈၄ ရာခိုင်နှုန်းမှာစာရွီး၊စာဖတ်မတတ်မြောက်ခြင်း။
- မြောက်ပိုင်းဆူဒန်နှင့်နယ်စပ်မှရီနံသိုက်ကြွယ်ဝသည့်ဒေသများအပါအဝင်နိုင်ငံသားကိစ္စအငြင်းပွါးမှုများ၊ကြွီးမြီမျှဝီပီးဆပ်ရေးကိစ္စရပ်များကိုသျှင်းလင်းရန်ဟိနိန်ခြင်း။
- လက်နက်အသင့်ကိုင်ဆောင်ထားဟိသည့်သူပုန်အုပ်စုအနည်းဆုံး(၇)စုခန့်တည်ဟိနိန်ခြင်း။





*ကြောက်ရွံ့မှုကြောင့်လည်းကောင်း၊မိမိသဖေါဆန္ဒအလျှောက်လည်းကောင်း၊သက်ဆိုင်ရာအိမ်နားပါးချင်းနိုင်ငံအစိုးရများမှပြန်ပို့မှုကြောင့်လည်းကောင်းရီကြောင်း၊ကုန်းကြောင်း နည်းလမ်းအသွယ်သွယ်ဖြင့်အရပ်မျက်နှာပေါင်းစုံမှ*
*မိမိရှို့၏နိုင်ငံသစ်သို့အသီးသီးဝင်ရောက်လာကတ်သည့်တောင်ဆူဒန်နိုင်ငံသားများ*

*(အထက်ပုံ)*

နိုင်ငံသစ်တောင်ဆူဒန်နယ်မြေထဲမှာရှိနံ့သိုက်တိဟိနိန်မှုကြောင့် အစိုးရဝင်ငွေအထိုက်အလျောက်ဟိနိန်ဖို့ဖြစ်သည့်တိုင်အကြောင်းအမျိုးမျိုးကြောင့်ပဋိပက္ခကာလတိကိုလည်းအတိုင်းအတာတခုထိဖြတ်သန်းကတ်ရဖို့ဖြစ်ကြောင်းအကဲခတ်သမားတချို့ကဆိုပါရေ။ယင်းချင့်ကတော့ကေထုံးစံအတိုင်းပါ။မိဖအိမ်ကခွဲထွက်လာရေသားသမီးမိသားစုတိမှာတောင်လိုအပ်ချက်တိ၊အသားမကျမှုကာလတိကိုအတိုင်းအတာတခုထိဖြတ်သန်းကတ်ရစွာမဟုတ်ပါလား။သမိုင်းတလျောက်တိုက်ပွဲဝင်လာကတ်တေအိမ်နားပါးချင်းနန့်အပါးချေနိန်ထိုင်နိန်ရရေကုန်းတွင်းပိတ်နိုင်ငံတခုမှာဆိုကေဇာပြောဖို့လိုပါဖို့လဲ။

တောင်ဆူဒန်နိုင်ငံသစ်အစိုးရ၏အိန်တာနက်စာမျက်နှာကိုတက်ရောက်လေ့လာကြည့်စွာမှာယင်းအစိုးရသစ်အဖွဲ့ကိုဝန်ကြီးဌါန ၃၁ ခုနန့်ဖွဲ့စည်းထားစွာကိုတွိရပါရေ။

ဘဇောင်ပင်ဆိုစီ။သုံးခုမြောက်ထောင်စုနှစ်၏အစ၊ ၂၁ ရာစုနှစ်၏ဒုတိယမြောက်ဆယ်စုနှစ်အစဦးနှစ်ထဲမှာဖိနှိပ်ချုပ်ချယ်မှုတိ၊အင်အားသုံးကြီးစိုးမှုတိအောက်ကလွတ်မြောက်လာရေကမ္ဘာ့နိုင်ငံသစ်တခုကိုအကျွန်ရို့အားလုံးကငြိမ်းချမ်းစွာ၊ချစ်ခင်စွာ၊အပြန်အလှန်လေးစားစွာကြိုဆိုနှုတ်ဆက်ဗျာယ်အနာဂါတ်မှာဖက်ပေါင်းစုံကအတိုင်းအတာတခုထိတိုးတက်တေနိုင်ငံအဖြစ်နန့်ကမ္ဘာ့ရွာ၏အစိတ်အပိုင်းတခုအဖြစ်ဂုဏ်သိက္ခာဟိဟိပါဝင်လာနိုင်ပါစီကြောင်းဆုတောင်းဆန္ဒပြုလားကတ်ရဖို့ဖြစ်ကြောင်းပါ။ ။

အားလုံးကျကျန်းမမာ၊ချချမ်းသသာဟိကတ်ပါစီ။

မောင်သာပေါ် (ရမ်းဗြဲ)

“ငါသည် အရီရာကျန်ကေလည်း ကျန်ပါစီ။

အကြောရာကျန်ကေလည်း ကျန်ပါစီ။

အရိုးရာကျန်ကေလည်း ကျန်ပါစီ။

အသွီးအသားတိခမ်းခြောက်ကေလည်း ခမ်းခြောက်ပါစီ။

လေးပါးသော ဖွဲ့၊လုံ့လ၊ဝီရိယမျိုးနန့်အမှန်တရားကိုငါဖြာမေ”

**(ဗုဒ္ဓဂေါတမ)**

“ပတ်ချုံဟီးရေ(တောင်)ကိုရီးယားကိုဒေါက်တိုင်သုံးချောင်းထက်မှာအခြီခံပြီးကေတည်ဆောက်ခစွာဖြစ်တေ၊တချောင်းက ‘*ကုမ္ပဏီအပေါင်းအစုကြီးတိအင်အား*’၊နောက်တချောင်းက ‘*တက်ခနိုခရက်*’ (အသိပညာသျှင်၊အတတ်ပညာသျှင်၊နည်းပညာသျှင်တိ)အင်အား၊တတိယတချောင်းက ‘*ပညာတတ်ပြီးကေခွန်အားကောင်းရေလုပ်သားအင်အားစု*’ ရို့ပင်ဖြစ်တေ”

**ကိုရီးယားပါမောက္ခတဦး**

“လူတိဘားကငါဇာတခု ‘ရ’ နိုင်ဖို့လဲမသိလို့တွေးရေလူ(လုပ်ငန်းရှင်)ထက်လူတိကိုငါဇာတခု ‘ကူ’ နိုင်ဖို့လဲ၊ ‘ပီး’ နိုင်ဖို့လဲလို့တွေးရေလုပ်ငန်းရှင်တိရာအနာဂါတ်မှာအောင်မြင်ရေပုဂ္ဂိုလ်တိဖြစ်လာကတ်ပါလိမ့်မေ”

**Bill Gate**

“အမှန်တရားအပေါ်လေးစားမှုမဟိ(သို့မဟုတ်)လေးစားမှုအားနည်းလာရေအခါ အရာအားလုံးရေသံသယဝင်စရာဂျေးဖြစ်နိန်လိမ့်မေ ”

**St. Augustine**

<u>ကျမ်းကိုး</u>

*(အချက်အလက်များနှင့်ဓါတ်ပုံများကိုအောက်ဖော်ပြပါစာအုပ်စာတမ်းများနှင့်အိန်တာနက်စာမျက်နှာများမှထုတ်ယူရဟိပါသည်)*


Countries of the World and Their Leaders Yearbook 2004 (Elicott, Karen)

The New York Times Almanac 2011 (Wright, John W.)

http://www.goss.org/

www.bbc.co.uk

www.cnn.com

www.google.com

http://www.guardian.co.uk/

http://www.unhcr.org/

http://en.wikipedia.org/


## *ကလောင်သွီးကတ်ပါ*

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** **သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင်ပုံနှိပ်ဖော်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား ‘နိုင်ငံတကာရေးရာသတင်းစဉ်’ တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရီကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည်ဖြစ်ပါသည်။ အမေရီကန်ပြည်ထောင်စုပြင်ပမှဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။ကျေးဇူးတင်ပါသည်။**



လူချွန် လူမွန် များ၏ ဘဝတာ များ အကြောင်း တစိ တစောင်း

> “ပြီးဆုံးမှုပန်းတိုင်သို့မရောက်ဟိခင်မှာ အခြင်းအရာတိရေ မဖြစ်နိူင်လို့ ထင်မြင်စရာဂျေးပါ”
>
> “ကြီးမြတ်တေတောင်ကုန်းတခုကိုတက်ပလိုက်အပြီးမှာနောက်ထပ်တက်စရာတောင်ကုန်းတိအများကြီးဟိနိန်ကြောင်းသိမြင်လာပါရေ”

# နယ်လ်ဆိန်မန်ဒဲလား (Nelson Mandela)

၁၉၉၀ပြည့်နှစ်၊ဖေဗျူဝါရီလ(၁၁)ရက်။

တောင်အာဖရိကနိုင်ငံကိပ်တောင်းမြို့အပြင်ဖက်ဟိအကျဉ်းထောင်တခုထဲမှအရပ်ရှည်ရှည်၊သွယ်သွယ်လျလျ၊ဆံပင်ဘော်ငွီရောင်ထိုးစပြုနိန်ဗျာယ်ဖြစ်သည့်ပုဂ္ဂိုလ်တဦးသည်သူ့ဇနီးဖြစ်သူနှင့်အတူထောင်ဗူးဝဟိရာဖက်သို့လမ်းလျှောက်ထွက်လာသည်။အသက်ခုနစ်ဆယ်ကျော်စပြုနိန်သည့်တိုင်သူ၏လားပုံ၊လာပုံ၊လှုပ်သျှားပုံများမှာအားပြည့်၊အင်ပြည့်။ငယ်ရွယ်နုပျိုဟန်များအပြည့်ဟိနိန်တုန်း။သူသည်ထောင်ဗူးဝသို့အရောက်တွင်တောင်အာဖရိကသားရို့၏ရိုးရာဓလေ့ထုံးစံတခုဖြစ်သည့်လက်သီးဆုတ်ကိုရင်မှာကပ်ထားလျှက်အားလုံးကိုလေးစားပါကြောင်းအထိမ်းအမှတ်တခုကိုပြသပြုမူလိုက်၏။အဆိုပါပုဂ္ဂိုလ်ကားတောင်အာဖရိကတွင်လူမဲများ၏လွတ်မြောက်ရေး၊တန်းတူရည်တူအခွင့်အရေးများရဟိရေးရို့အတွက်အကြမ်းမဖက်အနုနည်းဖြင့်တိုက်ပွဲဝင်သူတော်လှန်ရေးဂေါင်းဆောင်၊ကမ္ဘာ့သက်တမ်းအရှည်ဆုံးနှင့်အကျော်ကြားဆုံးနိုင်ငံရေးအကျဉ်းသားနယ်လ်ဆိန်မန်ဒဲလားပင်တည်း။


8 PAGE TRIBUTE

London Herald

SPECIAL EDITION

MONDAY 12th FEBRUARY 1990

NELSON MANDELA FREED

50,000 Celebrate in Cape Town

South Africa Enters New Age of Hope

Mandela's Lifetime Campaign Against Apartheid

Look after her!

ISOPON

OTHER NEWS

*နယ်လ်ဆိန်မန်ဒဲလား လွတ်မြောက်လာသည့် သတင်းအား လန်ဒန် ဟယ်ရယ် သတင်းစာတွင် ဖော်ပြထားစဉ် (တဖက်ပုံ)*

မန်ဒဲလားလွတ်မြောက်မည့်ရက်ကိုသူ၏မိသားစုဝင်များ၊အာဖရိကန်အမျိုးသားကွန်ဂရက်(African National Congress -ANC)အဖွဲ့ဝင်များ၊သန်းပေါင်းများစွာသောတောင်အာဖရိကနှင့်ကမ္ဘာ့ပြည်သူပြည်သားများစောင့်ဆိုင်းနိန်ကတ်သည်မှာရာစုနှစ်တခု၏လေးပုံတပုံကာလကိုကျော်လာဗျာယ်ဖြစ်ပါသည်။(၂၇)နှစ်ကြာထောင်နန်းစံနိန်ခရသည့်တိုင်လွတ်မြောက်လာသည့်နိတွင်ပင်ပြောကြားသည့်မန်ဒဲလား၏မိန့်ခွန်းစကားများမှာနာကျည်းမှု၊ဒေါသထွက်မှု၊မလိုမုန်းထားမှုများအလျှဉ်းမပါဟိပဲငြိမ်းချမ်းရေးကိုဦးတည်သည့်၊မျှော်လင့်ချက်များအပြည့်အဝပါဝင်သည့်၊စိတ်ရှည်သီးခံမှုများအတိုင်းအတာတခုထက်ပိုမိုသည့်၊မေတ္တာတရားများထုံမွှမ်းစိမ့်ဝင်နိန်သည့်စကားများပင်ဖြစ်ပါသည်။(မိန့်ခွန်းအပိုင်းအစကိုအောက်မှာဖတ်ပါ။)

***“ငြိမ်းချမ်းရေး၊ဒီမိုခရေစီရေး၊လွတ်မြောက်ရေးရို့နန့်အတူပြည်သူအားလုံးကိုအကျွန်နှုတ်ဆက်လိုက်ပါရေ။အကျွန်ရေကိုကိုစွာသယဆီးကိုမျိုချထားရေပရောဖတ်တယောက်အနိန်နန့်သင်ရို့၏ဟြို့မှာရပ်နိန်ခြင်းမဟုတ်ပါ။ပြည်သူ့ဝန်ထမ်းတယောက်၊ရိုးသားပွင့်လင်းရေပြည်သူ့ကျွန်တယောက်အဖြစ်ပြည်သူကိုအလုပ်အကျွေးပြုဖို့သင်ရို့တိ၏ဟြို့မှောက်မှာရပ်နိန်စွာဖြစ်ပါရေ။သင်ရို့အားလုံး၏မညောင်းမရိုတမ်းနိ၊နိ၊ညည့်၊ညည့်ကြိုးပမ်းလုပ်ဆောင်မှု၊ကြောက်ရွံ့မှုကင်းစွာနန့်သူရဲကောင်းဆန်ဆန်စွန့်လွှတ်စွန့်စားမှုတိအားလုံးကအကျွန့်လွှတ်မြောက်မှုကိုဖြစ်တည်စီခြင်းပါ။အကျွန်ရို့တိုင်းပြည်အနှံ့ကမာတာမိခင်များ၊ဇနီးမယားများ၊ညီအစ်မများအားလုံးကိုအကျွန်အေနိန်ရာကလေးစားစွာဂုဏ်ပြုလိုက်ပါယင့်။လွှတ်မြောက်ရေးတိုက်ပွဲကာလတလျှောက်လုံးမှာသင်ရို့ရေတောင့်တင်းခိုင်မာ၊သန်စွမ်းကျစ်လစ်တေအခြီခံအုတ်မြစ်တိဖြစ်နိန်လို့ပါ။အဖားထိုက်(Apartheid)ဝါဒ၏အကျိုးအပြစ်တိကိုကျန်ရေလူတိအားလုံးထက်သင်ရို့အမျိုးသမီးထုကပိုမိုနက်သျှိုင်းစွာသိဟိခံစားထားကတ်ရလို့ပါ”***

သိန်းပေါင်းများစွာသောတောင်အာဖရိကပြည်သူများသည်ထောင်ထဲမှထွက်လာသည့်မန်ဒဲလားကိုကိပ်တောင်းမြို့၏လမ်းဘေးဝဲယာနှစ်ဖက်လုံးမှနိန်၍လက်ဝဲယမ်းနှုတ်ဆက်ကတ်သည်။ရှိသေလေးစားသည့်အပြုအမူများကိုပြသကတ်သည်။လက်ခုပ်လက်ဝါးတဖြောင်းဖြောင်းတီးကာပျော်ရွှင်မြူးတူးမှုအပြည့်ဖြင့်အောင်ပွဲခံကတ်သည်။သူ့အားချစ်ကြည်လေးစားစွာကြိုဆိုနိန်ကတ်သည့်အထဲတွင်လူမဲများသာမက၊လူဖြူများလည်းအများအပြားပါဝင်ကတ်ပါသည်။ယင်းသို့ဖြင့်လေးစားချစ်ကြည်စွာနှုတ်ဆက်ကြိုဆိုမှုအပေါင်းကိုခံယူယက်ပင်းမောင်းနှင်လာသည့်မန်ဒဲလား၏ကားသည်တနိန်ရာအရောက်တွင်ညှင်ညှင်သာသာချေနှင့်ရပ်တန့်လားသည်။မန်ဒဲလားသည်ကားထဲမှထွက်လာပြီးလူဖြူအဘုချေတယောက်ကိုရွက်ယူလိုက်ကာယင်းအဘုချေ၏မိဖများဖြစ်သည့်ငယ်ငယ်ရွယ်ရွယ်လူဖြူစုံတွဲနှင့်အတူအပြုံး

→

# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

***အေအစီအစဉ်သည်ရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးများ၊ ရခိုင်ကျောင်းသားကျောင်းသူများအနေနန့်ဖြင့်နိုင်ငံတကာစာနယ်ဇင်းများ၊နိုင်ငံထုတ် သတင်းစာများ၊ကျောင်းသင်ခန်းစာအုပ်များတွင်အင်္ဂလိပ်စာဖတ်ရာ၌ပိုမို သဖော်ပေါက်နားလည်ကတ်စီရန်ရည်ရွယ်လျက်ကြိုးစားဘာသာပြန်ဆိုတင်ဆက် ထားခြင်းဖြစ်ပါရေ။ကမ္ဘာနန့်ရင်ဘောင်တန်းဗျာယ်ပညာပြည့်ဝ၊ နလုံးလှရေ အာဃ ရက္ခိုင်အမျိုးကောင်းသားအမျိုးကောင်းသမီးတိဖြစ်လာနိုင် ကတ်ပါစီ။ ။***

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Balkanization: လူမျိုးပေါင်းစုံ၊နယ်မြေပေါင်းစုံပေါင်းစုနိန်ကတ်သော်လည်း ရန်ဖက်များဖြစ်နိန်ကတ်သည့်အခါကိုယ့်အုပ်စုနှင့်ကိုယ်ခွဲထွက်ကာတိုင်း၊ နိုင်ငံများအဖြစ်အသီးသီးရပ်တည်ခြင်း။ပထမကမ္ဘာစစ်အပြီးတွင်အယင် ကဘော်လကန်ဒေသအဖြစ်ရပ်တည်ခဲသောနယ်မြေထဲမှအချင်းချင်းများ ကြားရန်ဖက်များဖြစ်နိန်ကတ်မှုကြောင့်အတူတကွနိန်ထိုင်၍မဖြစ်နိုင်တော့ သည့်အဆုံးယူဂိုဆလားဗီးယား၊ဘူလ်ဂေးရီးယား၊ဂရိ၊အယ်လ်ဘေးနီးယား၊ တူရကီ၊ရိုမေးနီးယားစသည်ဖြင့်အုပ်စုလိုက်၊အပိုင်းလိုက်သီးခြားတိုင်း၊နိုင်ငံ များအဖြစ်ရပ်တည်လာကတ်သည်ကိုတင်စားခေါ်ဝေါ်သုံးနှုန်းသည့်နိုင်ငံ ရေးဆိုင်ရာအသုံးအနှုန်းဖြစ်ပါသည်။၁၉၈၀ကျော်နှစ်များအတွင်းက လက်ဘနွန်တွင်စစ်လိုလားသည့်အုပ်စုကွဲများများစွာပေါ်ပေါက်နိန်ခမှုအ ပေါ် Balkanization နှင့်နှိုင်းယှဉ်ကာ Lebanonization ဟုပင်တင်စားခေါ်ဝေါ် ခကတ်ပါသည်။

Ballistic missiles: တာဝီးပစ်ဒုံးများ။အသွေ့ာင်အမျိုးအစားတာဝီးပစ်ဒုံး များသည်ပစ်လွှတ်ပြီးပထမပိုင်းအကွာအဝီး၌သာထိမ်းချုပ်စံနစ်အောက် တွင်ဟိပြီးထိုနောက်တွင်ကမ္ဘာ့မြေဆွဲအား(gravity)အပေါ်မူတည်၍ဦးတည် ကျရောက်နိုင်သည့်ထိမ်းချုပ်လွှတ်အခြေအနေတရပ်ထဲ၌ရောက်ဟိလားပါ သည်။ယင်းဒုံးများသည်ပစ်မှတ်သို့မြန်ဆန်၊တိကျစွာရောက်ဟိနိုင်ပြီးကမ္ဘာ့ တိုက်ကြီးတခုစာလောက်ဟိသည့်အကျယ်အဝန်း၊အကွာအဝီးကိုမိနိ(၃၀) အတွင်းဖြတ်သန်းလားနိုင်းစွမ်းဟိသည်ဟုဆိုပါသည်။

Ballot: ရွီးကောက်ပွဲတခု၌ဆန္ဒမဲပီးသူတဦးသည်မိမိကြိုက်နှစ်သက်ရာရွီး ကောက်ခံသူအပေါ်တွင်လည်းကောင်း၊ပါတီအပေါ်တွင်လည်းကောင်းဆန္ဒ မဲထည့်ခြင်းကိုညွှန်းဆိုသည့်မဲထည့်စာရွက်(အစိတ်အပိုင်း)။

Barter: ကြားခံဖေသာငွီကြီးမပါဟိပဲသက်ဆိုင်ရာတန်ဖိုးအလိုက်ကုန် ပစ္စည်းများအချင်းချင်းဖလှယ်မှု။

Belligerency: အချင်းချင်းဆန့်ကျင်လိုမှု၊စစ်မက်လိုလားမှု။(စစ်ပွဲကာလထဲ သို့ရောက်ဟိနိန်သည့်တိုင်းနိုင်ငံများ၏အခြေအနေကိုတင်စားခေါ်ဝေါ်ပါ သည်။)

Bias: တစုံတရာအပေါ်(သို့မဟုတ်)တစုံတဦးအပေါ်(သို့မဟုတ်)အုပ်စု၊အဖွဲ့ အစည်းတခုအပေါ်(မိမိသိဟိ၊လက်ခံထားသည့်အချက်အလက်၊ခံစားမှုများ အပေါ်မူတည်၍)ကြိုတင်ထင်မြင်ယူဆချက်(သို့မဟုတ်)ဆုံးဖြတ်ချက်။ဥပ မာအားဖြင့်အချို့သောအလုပ်သျှင်များသည်လူနည်းစု(minorities)များ၊ အမျိုးသမီးများအပေါ်တွင်အနှုတ်လက္ခဏာဆန်သည့်ထင်မြင်ယူဆချက် များ၊မူဝါဒများချမှတ်ထားဟိတတ်မှု။

Bicameral: ဥပဒေပြုလွှတ်တော်နှစ်ရပ်ပါဝင်မှု။

Bicameral government: ဥပဒေပြုလွှတ်တော်နှစ်ရပ်ပါဝင်ဖွဲ့စည်းထားဟိ သည့်အစိုးရ။အမေရိကန်ပြည်ထောင်စုသည်ဥပဒေပြုလွှတ်တော်နှစ်ရပ်ပါ ဝင်သည့်ဖွဲ့စည်းပုံဖြင့်နိုင်ငံအားဖွဲ့စည်းအုပ်ချုပ်ပါသည်။အဆိုပြုချက်တစုံ တရာအားအမိန့်ဒီဂရီဟိသည့်ဥပဒေတရပ်ဖြစ်လာစီရေးအတွက်အထက် နှင့်အောက်လွှတ်တော်နှစ်ရပ်လုံး၏အတည်ပြုချက်ကိုရယူရပါသည်။ နဘရားစကား(Nebraska)ပြည်နယ်မှလွဲ၍အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များအားလုံးတွင်လည်းလွှတ်တော်နှစ်ရပ်ဖွဲ့စည်းထားဟိပါသည်။ (နဘရားစကားပြည်နယ်တွင်လွှတ်တော်နှစ်ရပ်ပူးပေါင်းပါဝင်သည့်ညွန့် ပေါင်းလွှတ်တော်စံနစ်ကိုကျင့်သုံးပါသည်။)

Big stick: လူပုဂ္ဂိုလ်တစုံတယောက်(သို့မဟုတ်)အုပ်စု၊အဖွဲ့အစည်းတခုအ တွက်ဆိုလျှင် big stick ဟူသည်မှာမိမိ/မိမိရို့လိုလားသည်များကိုရဟိ အောင်ပြုဆောင်နိုင်စွမ်းဟိသည့်ယုံကြည်ကိုးစားလောက်ဖွယ်နောက်ခံ အင်အားတစုံတရာကိုဆိုလိုပြီးတိုင်းနိုင်ငံတရပ်အတွက်မူစစ်အင်အားကဲ သို့သောအင်အားပါဝါတရပ်ကိုတင်စားခေါ်ဝေါ်ပါသည်။အဓိကစကားရပ်ကို အမေရိကန်သမ္မတသီယိုဒိုရူစဗဲ့မှစတင်သုံးနှုန်းခရာမှကမ္ဘာ့နိုင်ငံရေးလောက တွင်အသုံးတွင်လာခြင်းဖြစ်ပါသည်။သူက “tread softly but carry a big stick”(ညှင်သာ၊ပျော့ပျောင်းစွာပြောဆိုပြုမူပါ၊သို့သော်ဒုတ်အကြီးသန် တချောင်းကိုလည်းကိုင်ထားပါ) ဟုဆိုခပါသည်။

Bilateral: ပါတီနှစ်ရပ်၊နိုင်ငံနှစ်နိုင်ငံ၊ဖက်နှစ်ဖက်စသည်ဖြင့်နှစ်ဦးနှစ်ဖက် အပြန်အလှန်သဖော်တူပါဝင်မှု။ဥပမာအားဖြင့်အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံများကြားတွင်နှစ်ဦးနှစ်ဖက်အပြန်အလှန်သဖော်တူညီမှုဟိ သည့်ကုန်သွယ်ရေးသဖော်တူညီချက်(bilateral trade agreement)ကိုချ မှတ်ထားဟိမှုမျိုး။

Bilateralism: နိုင်ငံနှစ်နိုင်ငံကြားတွင်စီးပွါးရေးအရ(သို့မဟုတ်)စစ်ရေးလုံ ခြုံရေးအရအပြန်အလှန်၊အတူတကွပူးပေါင်းဆောင်ရွက်ရန်သဖော်တူချ မှတ်ထားဟိသည့်မူဝါဒ။မဟာမိတ်နိုင်ငံများအချင်းချင်းကြားတွင်ပူးပေါင်း ဆောင်ရွက်ခြင်းမျိုးကိုလည်းဆိုလိုပါသည်။

Bipartisan: မူဝါဒတရပ်(သို့မဟုတ်)အဆိုပြုချက်အစဟိသည့်ကိစ္စအခြင်း အရာတရပ်အပေါ်ဆန့်ကျင်ဖက်ပါတီနှစ်ရပ်လုံးသဖော်တူညီမှု။ ဥပမာအား ဖြင့်အမေရိကန်ပြည်ထောင်စုတွင်နိုင်ငံရေးမူဝါဒ(သို့မဟုတ်)အဆိုပြုချက် တရပ်အပေါ်၌ရီဖါဗလီကိန်နှင့်ဒီမိုခရက်ထိပါတီနှစ်ရပ်လုံးမှသဖော်တူ၊ ထောက်ပံ့ပါဝင်မှု။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

*(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)*

ရက္ခိုင့်လူ့အဖွဲ့အစည်း အခြေပြုသတင်းစဉ် ဖြစ်ပါသည်။

The Arakan International

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

နိုင်ငံတကာရေးရာရက္ခိုင် သတင်းစဉ်မှာယူလိုသူ၊ ပံ့ပိုးလိုသူများအောက်ပါ ဘဏ်နံပါတ်သို့ဖေဒာ တိုက်ရိုက်ပီးသွင်းနိုင်ကတ် ပါသည်–

Name: Oo Thein Maung

Account No.:4806231914

Bank: PNC

====

(နိုင်ငံခြားမှငွီပို့လိုသူများအတွက်)

Swift Code: PNCCUS33


Editor:

Oo Thein Maung

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-630-956-3382 (Cell)

theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၀ ဒေါ်လာ

# ကိုမိုရို (Comoros)








ကိုမိုရိုနိုင်ငံသည်အိန္ဒိယသမုဒ္ဒရာထဲတွင်တည်ဟိသည်။အဓိကကျွန်းကြီး၄ကျွန်းနှင့်အခြားကျွန်းငယ်များစွာဖြင့်ဖွဲ့စည်းလျှက်အာဖရိကတိုက်မိုဇမ်ဘိနိုင်ငံနှင့်မက်ဒက်ဂါစကာနိုင်ငံများကြားတွင်တည်ဟိသည့်ကျွန်းနိုင်ငံငယ်ဖြစ်သည်။အာဖရိက၊ဥရောပနှင့်အာသျှတိုက်သားများစွာရို့သည်အဆိုပါကျွန်းစုသို့ရာစုနှစ်နှင့်ချီလျှက်ကျူးကျော်ဝင်ရောက်ခကတ်သည်။ယင်းရို့အနက်၁၆ရာစုဝန်းကျင်တွင်ဝင်ရောက်လာကတ်သည့်သျှီရာဇီ(Shirazi)အာရပ်များသည်ကိုမိုရိုကျွန်းသားများအားအစ္စလမ်ဘာသာနှင့်မိတ်ဆက်ပီးခကတ်သည်။၁၈၄၁မှစ၍ကိုမိုရိုနိုင်ငံသည်ပြင်သစ်ကိုလိုနီ၏အစိတ်အပိုင်းတခုအဖြစ်တည်ဟိခရာမှ၁၉၇၅ခုနှစ်တွင်လွတ်လပ်ရေးရဟိသည်။၁၉၉၉တွင်စစ်ဖက်မှအာဏာသိမ်းမှုဖြစ်ပြီးနောက်၂၀၀၁ခုနှစ်ဒီဇင်ဘာတွင်နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေသစ်ကိုပြန်လည်ရှီးဆွဲအတည်ပြုပြီး၊ကိုမိုရိုနိုင်ငံ၏ကျွန်းလေးကျွန်းမှတကျွန်းလျှင်၄နှစ်ကျစီအလှည့်ကျသမ္မတရှီးကောက်တင်မြှောက်ပြီးအုပ်ချုပ်သည့်စံနစ်ကိုကျင့်သုံးနိန်ပေသည်။

**တရားဝင်အမည်။** ။ ကိုမိုရိုကျွန်းများပြည်ထောင်စု (Union of Comoros Islands)

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၇၅

**မြို့တော်။** ။ မိုရိုနီ

**အဓိကမြို့ကြီးများ။** ။ မူစာမူဒူ (Mutsamudu)၊ဖွမ်ဘိုနီ(Fomboni)။

**လူဦးရေ။** ။ ၇၇၃၄၀၇ (ဂျူလိုင်၊၂၀၁၀)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင်၈၉၂ယောက်(၁စတုရန်းခီလိုမီတာလျှင် ၃၄၄ ယောက်)

**အကျယ်အဝန်း။** ။ ၈၃၈ စတုရန်းမိုင် (၂၁၇၀ စတုရန်းကီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ အာရေဗျ၊ကိုမိုရန်၊ပြင်သစ်။

**ကိုးကွယ်သည့်ဘာသာ။** ။ ဆူနီမူဆလင်၉၈ ရာနှုန်း၊ရိုမန်ကက်သလိ ၁ ရာနှုန်း၊အခြား ၁ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ကိုမိုရန် ၉၇ ရာနှုန်း၊ အခြား ၃ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွေကြေးယူနိ။** ။ ၁ ကိုမိုရိုဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၅၆ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၁၇၃၅ ခယ်လိုရီ။

ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ထောင်စုသစ် ရာစုသစ် ဆယ်စုနှစ်သစ်မှာ ကမ္ဘာ့နိုင်ငံသစ် (မောင်သာပေါ်–ရမ်းဗြဲ) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| ဂျူလိုင်လ | ၃ |
| ဂျူလိုင်လရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၇ |
| အီစုတ်ပုံပြင်များမိတ်ဆက် | ၈ |
| ဘောလုံးချန်ပီယံနိုင်ငံများအားဂုဏ်ပြုခြင်း | ၉ |
| မြိုပုံကြည့်ယက်ပင်းသတင်းဖတ်၊သတင်းဖတ်ပနာမြိုပုံကြည့် | ၁၀–၁၁ |
| နယ်လ်ဆိန်မန်ဒဲလား | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကိုမိုရိုနိုင်ငံ | ၂၀ |


အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။